


# ဥပဒေဆိုင်ရာသုတေသနနည်းစနစ် - စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ

Philip Langbroek, Kees van den Bos, Marc Simon Thomas, Michael Milo, Wibo van Rossum

ဘာသာပြန်- သစ်မင်းအိမ်

© Myanmar Translation Right- HRER Programme

# မာတိကာ

ဥပဒေဆိုင်ရာသုတေသနနည်းစနစ် - စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ......................................................................... ၁

၁။ နိဒါန်း...................................................................................................................................... ၂

၂။ သုတေသန အစီအစဉ်နှင့် နည်းစနစ်ဆိုင်ရာ မဟာဗျူဟာ (Research programme and methodological strategy)........................................................................................................................................ ၈

၃။ လက်ရှိ ဥပဒေသုတေသနဖြစ်ပေါ်လာစေရန် လှုံ့ဆော်အားပေးခဲ့သည့် ဥပဒေ ပညာ သမိုင်း (History as an inspiration of current legal research)................................................................................................ ၉

၄။ ဥပဒေများကို နှိုင်းယှဉ်လေ့လာခြင်း (Comparative law) .................................................................၁၁

၅။ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း - အဓိပ္ပာယ်ကို ဖွဲ့စည်းတည်ဆောက်ခြင်းနှင့် ကိန်းဂဏန်းများကို ခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်ခြင်း (Interpretation: construction meaning and analysing numbers).........................၁၁

၆။ အရည်အသွေးအခြေပြု လက်တွေ့မျက်မြင် ချဉ်းကပ်မှုများ (Qualitative empirical approaches)...........၁၃

၇။ အရေအတွက်အခြေပြု လက်တွေ့မျက်မြင် ချဉ်းကပ်မှုများ (Quantitative empirical approaches) .........၁၄

၈။ နိဂုံး....................................................................................................................................၁၆

# ဥပဒေဆိုင်ရာသုတေသနနည်းစနစ် - စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ

Philip Langbroek, Kees van den Bos, Marc Simon Thomas, Michael Milo, Wibo van Rossum[၁]

---

[၁] Philip Langbroek (p.m.langbroek@uu.nl) ၊ ပါမောက္ခ၊ တရားမျှတမှုစီမံရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်း၊ Utrecht တက္ကသိုလ် ဥပဒေကျောင်း၊ Kees van den Bos, (k.vandenbos@uu.nl) ၊ ပါမောက္ခ၊ လူမှုရေးရာစိတ်ပညာနှင့် လက်တွေ့အသုံးချဥပဒေသိပ္ပံ၊ Utrecht တက္ကသိုလ် ဥပဒေကျောင်း၊ Marc Simon Thomas (M.A.SimonThomas@uu.nl) ၊

# ၁။ နိဒါန်း

ဥပဒေပညာလေ့လာမှုသည် ဥပဒေပညာရှင်များနှင့် တက္ကသိုလ်ရှိ ဘောဂဗေဒ၊ လူမှုရေးပညာ၊ နိုင်ငံရေးသိပ္ပံ၊ စိတ်ပညာ၊ သမိုင်းနှင့် ဘာသာစကားပညာများကဲ့သို့သော အခြားပညာရှင်များအကြား ဆွေးနွေးငြင်းခုံရသည့် ဘာသာရပ်တစ်ခု ဖြစ်လာနေပါသည်။ ထို့အပြင် အားလုံးညီတူညီမျှ သိမြင်နိုင်သည့် တရားရေးစနစ်ဖြစ်ထွန်းလာရေး ကြိုးပမ်းအားထုတ်မှုအပါအဝင် ဥပဒေမူကြမ်းရေးဆွဲခြင်းနှင့် စီရင်ထုံးဥပဒေများအပေါ် သဘောထားမှတ်ချက် ပေးခြင်းနှင့် ခွဲခြမ်းစိတ်ဖြာဆန်းစစ်ခြင်း ဟူသည့် ဥပဒေပညာရှင်များ၏ အစဉ်အလာလုပ်ရိုးလုပ်စဉ်နည်းလမ်းအပေါ် အဆိုပါဥပဒေပညာရှင် များအကြား ဆွေးနွေး ငြင်းခုံလျက် ရှိကြပါသည်။[၂] လွန်ခဲ့သည့် နှစ်ပေါင်း (၃၀) အတွင်း နိုင်ငံတကာ ရင်ဘောင်တန်းမှု၊ ဥရောပအဆင့်အတန်းပြုမှုနှင့် ဂလိုဘယ်လိုင်ဇေးရှင်းဖြစ်စဉ်များနှင့်အတူ အဆိုပါ ပြောင်းလဲမှုသည် တစ်ဆင့်ပြီး တစ်ဆင့် ပြောင်းလဲလျက်ရှိသည်။ ၁၉ ရာစုခေတ်က ပြည်တွင်းဥပဒေအဖြစ် ပြဋ္ဌာန်း ခဲ့သည့် ဥပဒေသည်[၃] ယခုနှစ်ကာလများတွင် အဆိုပါဥပဒေကို ပြည်တွင်းဥပဒေပညာရပ်ဆိုင်ရာ ဆွေးနွေးငြင်းခုံမှု များတွင် ထည့်သွင်းဆွေးနွေးမှု အားနည်းလာ သည်။ ပြည်တွင်းရှိ အုပ်ချုပ်ရေး[၄]၊ ပြစ်မှုဆိုင်ရာနှင့် တရားမဥပဒေများနှင့် ၎င်းတိုအပေါ် သဘောထား မှတ်ချက်ပေးခြင်း၊ အဆိုပါဥပဒေများကို ကိုယ်ပိုင်ဘာသာစကားဖြင့် အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းတို့ကို ယနေ့ခေတ်တိုင် ဖက်တွယ်ထားလျက်ရှိသည့် ဥပဒေပညာရှင်ရှေ့နေ့ အများအပြား ရှိနေပါသည်။ သို့သော် ဥပဒေပညာရပ်ဆိုင်ရာ နယ်ပယ်သာမက နည်းစနစ်အပါအဝင် ဥပဒေစည်းမျဉ်းများသည် မြန်ဆန်စွာ ပြောင်းလဲလျက်ရှိသည်။ အဆိုပါပြောင်းလဲမှုကြောင့် ဥပဒေပညာလေ့လာမှုတွင် နည်းစနစ်လိုအပ်မှုနှင့်ပတ်သက်၍ အချိန်အတော်ကြာ ဆွေးနွေးငြင်းခုံလျက်ရှိ ပါသည်။[၅] ယခု *Utrecht ဥပဒေဆိုင်ရာ စိစစ်သုံးသပ်ချက်* အထူးထုတ်ဖြင့် အဆိုပါ ဆွေးနွေးမှုကို ဖြည့်ဆည်းပံ့ပိုးပေးသွားမည် ဖြစ်သည်။

ဥပဒေပညာကို နည်းဥပဒေမူကြမ်းများ၊ စီရင်ထုံးဥပဒေနှင့် ပြည်တွင်း တရားစီရင်ရေးစနစ်သာမက နိုင်ငံတကာ ဥပဒေပညာနယ်ပယ်များအပေါ် သဘောထားမှတ်ချက် ပေးရန်အတွက်သာ အစဉ်အလာအရ ရှု့မြင်ကြသည်။ အဆိုပါ သမရိုးကျဥပဒေပညာသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အုပ်ချုပ်ရေး ဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ တရားမဥပဒေနှင့် ကျင့်ထုံးဥပဒေစသည်တို့ကို စနစ်တကျ စုစည်းထား သည့် ဥပဒေပညာရပ်နယ်ပယ်ဖြစ်သည်။ ဥပဒေပညာရပ်ဆိုင်ရာ ဆွေးနွေးမှုများသည် ဥပဒေမူကြမ်း ရေးဆွဲပြုစုရာ၌ အကောင်းဆုံးနည်းလမ်းများ အသုံးပြုခြင်းသာမက အမှုများ တည်ဆောက်ရာတွင် ဥပဒေဆိုင်ရာ စည်းမျဉ်းများကို မည်သို့ထည့်သွင်းအသုံးပြုသင့်သည်ဟူသည့် အချက်နှင့်ပါ သက်ဆိုင်ပါသည်။ စီရင်ထုံးဥပဒေအပေါ် မှတ်ချက်ပေးသည့် ပညာရပ်ဆိုင်ရာ သဘောထား မှတ်ချက်များသည် လက်တွေ့ကျင့်သုံးလိုက်နာသူများအတွက် ရည်ညွှန်းကိုးကားမှု ရရှိစေပါသည်။ အဆိုပါသဘောထားမှတ်ချက်များတွင်

---

လက်ထောက်ပါမောက္ခ၊ Utrecht တက္ကသိုလ် ဥပဒေကျောင်း၊ Michael Milo (j.m.milo@uu.nl) ၊ တွဲဘက်ပါမောက္ခ၊ Utrecht တက္ကသိုလ် ဥပဒေကျောင်း၊ Wibo van Rossum (vanrossum@law.eur.nl) ၊ တွဲဘက်ပါမောက္ခ၊ Erasmus ဥပဒေကျောင်း (နယ်သာလန်)။

[၂] C. Stolker, 'Ja, geleerd zijn jullie wel! Over de status van de rechtswetenschap', (2003) 11 *Nederlands Juristenblad*, pp. 766-778; C.H. van Rhee, 'Geen rechtsgeleerdheid, maar rechtswetenschap!', 2004 *RM Themis*, no. 4, pp. 196 et seq.; J.M. Smits, *Omstreden rechtswetenschap. Over aard, methode en organisatie van de juridische discipline* (2009); J.M. Smits, *The Mind and Method of the Legal Academic* (2013).

[၃] Grotius's *Institutions of the Law of Holland* [*Inleidinge tot de Hollandsche Regts-geleerdheid*] were published in 1631.

[၄] Administration law ကို ရှေ့နေချုပ်ရုံးက အုပ်ချုပ်ရေးဥပဒေဟု သုံးသော်လည်း ဥပဒေပညာဌာနမှ ထုတ်ဝေသည့် စာအုပ်များတွင် စီမံခန့်ခွဲရေးဥပဒေဟု သုံးနှုန်းသည်။

[၅] See the magnificent volume by K. Riesenhuber (ed.), *European Legal Methodology* (2017)

တရားရုံးမှ ချမှတ်သည့် ရွေးချယ်မှုများအပေါ် သဘောထားမှတ်ချက်ပေးခြင်းနှင့် စီရင်ချက်တစ်ခုတွင် ပြတ်သားစွာ မပြောဆိုသည်ကို ရှင်းလင်းခြင်း နှစ်ခုစလုံး ပါဝင်သည်။ ဥပမာအားဖြင့် စီရင်ချက်များနှင့် ချမှတ်ရသည့် အကြောင်းရင်းတို့ကို စီရင်ထုံးဥပဒေတွင်ပါရှိသည့် ယခင်ချမှတ်ထားသည့် ဆုံးဖြတ်ချက်များသာမက ပညာရပ်ဆိုင်ရာ ဆွေးနွေးမှုတို့ဖြင့် နှိုင်းယှဉ်ခြင်းတို့ ပါဝင်သည်။ လက်ရှိ ရေပန်းစားသည့် ခေတ်ပြိုင်ဆွေးနွေးမှုမှ အနည်းငယ် ခွဲထွက်သည့် နယ်ပယ်မှာ ဥပဒေသမိုင်းပညာရှင်များပင် ဖြစ်သည်။ ၎င်းပညာရှင်များသည် ဥပဒေပညာ သင်ကြားခြင်းသည် ရေရှည်အကျိုးသက်ရောက်မှု မရှိကြောင်း ယူဆကြသည်။ တနည်းဆိုသော် Glenn ၏ စကားကို ယူသုံးပါက သေဆုံးသွားပြီဖြစ်သော (အာဏာသက်ရောက်မှု မရှိသော) ဥပဒေများကို သင်ကြားလေ့လာနေခြင်းပင် ဖြစ်သည်။[၆]

ဥပဒေဆိုင်ရာသုတေသန ဘာသာရပ်များအနေဖြင့် အများအပြားရှိသည်။ ဥပဒေဆိုင်ရာသုတေသန အတွက် မရှိမဖြစ် လိုအပ်ချက်အနေဖြင့် သုတေသနသမားတွင် အစဉ်အလာ ဥပဒေများအကြောင်း ဗဟုသုတရှိခြင်းသာမက လျင်မြန်စွာ ပြောင်းလဲလျက်ရှိသည့် လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် နည်းပညာဆိုင်ရာ အခြေအနေများ၊ ဖြစ်နိုင်ပါက သင့်လျော်သည့် အခြားအကြောင်းရင်းများကို နားလည်မှုဗဟုသုတရှိခြင်းလည်း ပါဝင်သည်။ လက်ရှိအကောင်အထည် ဖော်နေသည့် နယ်သာလန်နိုင်ငံရှိ တရားစီရင်ရေးစနစ်၏ အရည်အသွေး မြှင့်တင်ရေးနှင့် ဆန်းသစ်မှုရှိစေမည့် စီမံကိန်းကဲ့သို့ တရားရုံးအတွက် စည်းမျဉ်းစည်းကမ်းအသစ်များ မူကြမ်းရေးဆွဲရာတွင် တရားရုံး အမှုတွဲများကို လက်တွေ့ကျင့်သုံးခြင်းနှင့် ပတ်သက်သည့် ဗဟုသုတ အပြည့်အဝရှိမှသာ အကျိုးရှိစေမည် ဖြစ်သည်။ ထို့အပြင် တရားရုံးအမှုတွဲများ ထိန်းသိမ်းစီမံခြင်း၊ အမှုစစ်ဆေးစဉ်ကာလ တလျှောက်လုံး တရားရုံးရှေ့နေများ ပူးပေါင်း ပါဝင်ခြင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ၏ အခန်းကဏ္ဍ၊ သာမန်ပြည်သူတစ်ဦးအနေဖြင့် တရားရုံး၏ အမှုစစ်ဆေးခြင်း၌ ပါဝင်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများစသည့် အချက်များနှင့် ပတ်သက်သည့် ဗဟုသုတလည်း ပြည့်ဝနေမှသာလျှင် စီမံကိန်းအကောင်အထည်ဖော်ရာတွင် အဓိပ္ပာယ်ရှိစေမည် ဖြစ်သည်။ အထက်ပါအချက်များသည် ဥပဒေဘာသာရပ်အားလုံးနီးပါးအတွက် အသုံးတည့်စေမည်။ အတော်ဆုံးရှေ့နေ ဆိုသည်မှာ ဥပဒေပြုခြင်းနှင့် စီရင်ထုံးဥပဒေအကြောင်း ကောင်းစွာ မှတ်သားနားလည်မှုနှင့် အဆိုပါအသိဉာဏ်ကို လူ့အဖွဲ့အစည်းအတွက် အကောင်းဆုံးအသုံးချမှုတို့ကို ပေါင်းစပ်ထားသူများ ဖြစ်သည်။

အစဉ်အလာ ဥပဒေဆိုင်ရာသုတေသနတွင် ဥပဒေပြုခြင်း၊ စီရင်ထုံးဥပဒေနှင့် အယူဝါဒဆိုင်ရာ စာပေများကဲ့သို့ အမိန့်အာဏာပါသော စကားရပ်များသည် အခိုင်အမာဥပဒေများကို နားလည်ရန်အတွက် အဓိကသတင်းအချက် အလက်ရရှိသည့် သမားရိုးကျ အရင်းအမြစ်များဖြစ်သည်။ ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များကို ဆွဲဆောင်သိမ်းသွင်း ရန်အတွက် ဥပဒေပညာရှင်များက ရှာဖွေစုဆောင်း၍ ခွဲခြမ်းစိတ်ဖြာကာ ပြန်လည်တင်ပြထားသည့် အဆိုပါ သတင်းအချက်အလက်များအပေါ်မူတည်၍ ဥပဒေပြုသူများ၊ တရားသူကြီးများနှင့် အကောင်အထည်ဖော်သူများသည် အဆိုပါဥပဒေပညာရှင် များ၏ ထင်မြင်ချက်အတိုင်း လိုက်နာဆောင်ရွက်ကြသည်။ ခေတ်မီ သတင်းအချက်အလက် နည်းပညာနှင့် ဆက်စပ်သည့် ပုဂ္ဂလိကလုံခြုံမှုကို အကာအကွယ်ပေးမည့် စည်းမျဉ်းဥပဒေအသစ် များကို ဖန်တီးခြင်း သို့မဟုတ် တရားရုံးအတွင်း ညှိနှိုင်းဖြန်ဖြေခြင်းကဲ့သို့သော တရားရုံး၏ လုပ်ပိုင်ခွင့်များကို အသုံးချခြင်းများကဲ့သို့ တရားရေးစနစ် မည်သို့မြှင့်တင်ရမည်ကို အကြံဉာဏ်ပေးခြင်းတို့ဖြင့် ဥပဒေပညာရှင်ရှေ့နေများ၏ တာဝန်အစစ် အမှန်ကို စဉ်းစားနိုင်မည် ဖြစ်သည်။

ရှေ့နေများသည် ဥပဒေပြဿနာတစ်ရပ်ကို အစဉ်အလာလမ်းရိုးအတိုင်း ခွဲခြမ်းစိတ်ဖြာသောအခါ ပြဿနာကို သေချာစွာ ခွဲခြမ်းစိတ်ဖြာဆန်းစစ်ခြင်းနှင့် အယူအဆများကို သီးသန့်အကြောင်းအရာအလိုက် တည်ဆောက်ခြင်း တို့ဖြင့် ရှေ့နေများက ဖြေရှင်းလေ့ရှိသည်။ ဤကဲ့သို့ ပြဿနာဖြေရှင်းရာတွင် ပညာရပ်ဆိုင်ရာစာပေများ၊ ပညာရှင်

[၆] P. Glenn, 'Legal families and legal traditions', in M. Reimann & R. Zimmermann (eds.), *Oxford Handbook of Comparative Law* (2008), p. 427.

များ၏ သဘောထားမှတ်ချက်များ၊ စီရင်ထုံးနှင့် ဥပဒေပြုရေးတို့ကို မှီငြမ်းခြင်းသာမက အခြားပညာရပ်နယ်ပယ်များ၏ ရလဒ်များကို မှီငြမ်းပြုခြင်းတို့ဖြင့် ဆောင်ရွက်လေ့ရှိသည်။ ဥပဒေကို မည်သို့မြှင့်တင်ရမည်ဟူသော အကြံဉာဏ် ပါဝင်သည့် သုံးသပ်ချက်များ ချမှတ်ခြင်းသည် ရှေ့နေများက အများဆုံးဆောင်ရွက်လေ့ရှိသည့် ဥပဒေဆိုင်ရာ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်မှု ဖြစ်သည်။ အကြံပြုချက်သည် ဥပဒေပြုသူ၊ တရားသူကြီးများ၊ ရှေ့နေများ သို့မဟုတ် ၎င်းတို့အားလုံးတို့အတွက် ဦးတည်ချမှတ်ထားခြင်း ဖြစ်သည်။ ဥပဒေရေးရာ သုတေ သန၏ အရည်အသွေးသည် အယူအဆိုင်ရာ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်မှု၏ အရည်အသွေး၊ ကျိုးကြောင်းဆီလျော်မှုနှင့် သွေးဆောင်ပြောဆိုမှု၏ အရည်အသွေး၊ နောက်ဆုံးအနေဖြင့် သုတေသနစာတမ်းတွင် မှီငြမ်းပြုသည့် ကျမ်းကိုးများ၏ အရည်အသွေးများနှင့် သက်ဆိုင်ပါသည်။ သို့သော်လည်း အစဉ်အလာ ဥပဒေရေးရာ သုတေသနတွင် ပညာရှင်ရှေ့နေများသည် မည်သည့် သုတေသနနည်းစနစ်များကိုမျှ ရည်ညွှန်းခြင်း မရှိပါ။

အစဉ်အလာ ဥပဒေရေးရာသုတေသနသည် ၎င်းသုတေသန၏ နည်းစနစ်ကို ပြည့်စုံစွာ ရှင်းလင်းစေခြင်း၊ ပြန်လည် စဉ်းစားသုံးသပ်ခြင်းတို့နှင့် ပတ်သက်၍ စိန်ခေါ်မှုများနှင့် ထိပ်တိုက် တွေ့ဆုံနေရသည်။ အစဉ်အလာဥပဒေရေးရာ သုတေသနဒီဇိုင်း အများစုတွင် သုတေသနနည်းစနစ်အပေါ် အလေးအနက်စဉ်းစားခြင်းမရှိကြောင်းကို အမျိုးမျိုးသော နယ်ပယ်မှ ပညာရှင်များက ၎င်းတို့၏ နယ်ပယ်များရှိ သုတေသနနည်းစနစ်များနှင့် နှိုင်းယှဉ်၍ ထောက်ပြကြသည်။ ထုတ်ဝေဖြန့်ချိထားသည့် ဥပဒေပညာ စာတမ်းများတွင် သုတေသနဒီဇိုင်းနှင့် နည်းစနစ်များကို အသေးစိတ် ဆွေးနွေးခြင်း မရှိပေ။ ကျိုးကြောင်းညီညွတ်မှုကိစ္စများသည်လည်း အမြဲပင် လျစ်လျူရှုခံထိသည်။ ထို့နောက် ဥပဒေရေးရာ သုတေသနနည်းစနစ်ကို တဆင့်ပြီး တဆင့် တိုးတက်လာစေရန် မည်သို့ ဆောင်ရွက်မည်၊ မည်သည့် အဆင့်များပါဝင်သင့်သည်၊ ဘာ့ကြောင့် ပါဝင်သင့်သည်၊ ဥပဒေရေးရာ သုတေသန၏ ကျိုးကြောင်းညီညွတ်မှုတွင် မည်သည့်အချက်များ ပါဝင်သည်စသည့် မေးခွန်းများ ဖြစ်ပေါ်လာသည်။

ရှေ့နေများသည် အခြားနယ်ပယ်မှ ပညာရှင်များနှင့် ပူးပေါင်းရန် ကြိုးစားဆောင်ရွက်ရာတွင် ဥပဒေရေးရာသုတေသန နည်းစနစ်များ ဖွံ့ဖြိုးလာရေး လိုအပ်ချက်သည် သိသာထင်ရှားလာသည်။ ဥပဒေထက် အခြားသော နယ်ပယ်ရှိ ပညာရှင်များနှင့် ယှဉ်ပြိုင်၍ သုတေသန ရန်ပုံငွေများကို ကြိုးစားရှာဖွေရန်လိုအပ်သည့်အခါ ထိုလိုအပ်ချက်ကို ပိုမို သိမြင်လာစေသည်။ လက်တွေ့မျက်မြင်အခြေပြု သုတေသန (Empirical Research)[၇] နည်းစနစ်များသည် လူမှုရေးသိပ္ပံပညာရပ်တွင်မူ နေ့စဉ်ပညာသင်ကြားမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်နေသော်လည်း ဥပဒေကျောင်း အများစုတွင် ထိုကဲ့သို့သော ဆွေးနွေးငြင်းခုံမှုသည် ပျောက်ဆုံးနေသည်။

Utrecht တက္ကသိုလ် ဥပဒေကျောင်းရှိ တရားရေးရာ စီမံရေးနှင့် ပဋိပက္ခဖြေရှင်းရေး Montaigne စင်တာ[၈]သည် ထိုဆွေးနွေးမှု ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော် ဆောင်ရွက်လျက်ရှိသည်။ ကျွန်ုပ်တို့သည် ဤ ကိစ္စတွင် တစ်ဦးတည်းမဟုတ်ဘူးဆိုတာ သိပါသည်။ "ဥပဒေနှင့် နည်းစနစ်"[၉] ဂျာနယ်ကို ကျွန်ုပ်တို့ ကောင်းစွာ သိပါသည်။ ထို့အပြင် Maastricht ဥပဒေကျောင်း၏ Jan Smits[၁၀] နှင့် Leiden ဥပဒေကျောင်း၏ Carel Stolker[၁၁] တို့မှ

[၇]လက်တွေ့မျက်မြင်အခြေပြု သုတေသန (Empirical Research) ဆိုသည်မှာ ဖြစ်ရပ် ဖြစ်စဉ်များကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ စူးစမ်းရှာဖွေ လေ့လာခြင်း၊ တိုင်းတာခြင်းတို့ ဖြစ်သည်။ အဆိုပါသုတေသနတွင် ပညာဗဟုသုတကို အတွေးအခေါ် သို့မဟုတ် ယူဆချက်တို့မှ ရရှိခြင်းမဟုတ်ဘဲ လက်တွေ့ကြုံတွေ့ရသည့် အတွေ့အကြုံမှ ရရှိခြင်းဖြစ်သည်။

[၈]<https://www.uu.nl/en/research/montaigne-centre-for-judicial-administration-and-conflict-resolution>.

[၉] <http://www.lawandmethod.nl>.

[၁၀] J.M. Smits, *The Mind and Method of the Legal Academic* (2012).

[၁၁] C.J.J.M. Stolker, *Rethinking the Law School. Education, Research, Outreach and Governance* (2014).

ထုတ်ဝေသည့် စာအုပ်စာတမ်းများ ၊ Bart van Klink နှင့် Sanne Taekema[၁၂] တို့မှ တည်းဖြတ်သည့် စုစည်းမှုများနှင့် Frans Leeuw နှင့် Hans Schmeets[၁၃] တို့က ထုတ်ဝေသည့် စာအုပ်များသည်လည်း လက်တွေ့မျက်မြင်အခြေပြု ဥပဒေသုတေသန (Empirical Research) အကြောင်း ရေးသားထားသည့် စာအုပ်စာတမ်းများကို လည်း သိရှိပါသည်။ အမျိုးမျိုးသော လူမှုရေးရာနယ်ပယ်နှင့် ပြည်သူ့ရေးရာ မူဝါဒနယ်ပယ်များတွင် ပညာရပ်ပေါင်းစုံနှင့် သက်ဆိုင်သော သုတေသနစီမံကိန်းများကို ဖွံ့ဖြိုးတိုးတက်စေရန် အားထုတ်မှုများတွင် ရှေ့နေများ ပူးပေါင်းပါဝင်သည့်အတွက် ယခုဆွေးနွေးမှုကို လိုအပ်ပါသည်။

အဆိုပါဆွေးနွေးမှု ဖွံ့ဖြိုးတိုးတက်စေမည့် လမ်းကြောင်း နှစ်ခုကို တွေ့မြင်ရသည်။ ပထမလမ်းကြောင်းမှာ ဥပဒေပညာရှင်များနှင့် လူမှုရေးသိပ္ပံပညာရှင်များအကြား သက်ဆိုင်ရာ နည်းစနစ်များကို ဖလှယ်ခြင်းပင် ဖြစ်သည်။ အခြေခံအားဖြင့် ဉာဏ်ပညာနှင့်ယှဉ်သည့် ဆွေးနွေးမှုဖြစ်ပြီး ရှေ့နေများက လူသားများ၏ အပြုအမူကို ထိန်းကျောင်းရန်အတွက် ဥပဒေစံနှုန်းများ မည်သို့ဖွံ့ဖြိုးလာသည်ကို ရှင်းလင်းနိုင်ပါသည်။ လူမှုသိပ္ပံပညာရှင်များကလည်း လူသားများ မည်ကဲ့သို့ တွေးတောပြီး ပြုမူသည်ဆိုသည့် မတူညီသောအမြင်များကို နားလည်နိုင်အောင် ရှင်းပြနိုင်ရန်အတွက် မည်သည့်နည်းစနစ်များကို အသုံးပြုသည်ကို ရှင်းလင်းနိုင်သည်။ ၎င်းဆွေးနွေးမှုသည် အရေးပါသော စိန်ခေါ်မှုများကို ကြုံတွေ့ရလာနိုင်ပြီး ကမ္ဘာအနှံ့ ကျယ်ပြန့်လာပါသည်။ အဘယ့်ကြောင့်ဆိုသော် ဥပဒေနှင့် ပြည်သူ့ရေးရာ စီမံအုပ်ချုပ်မှုကဲ့သို့ လူမှုရေးနှင့် အမူအကျင့်ဆိုင်ရာ သိပ္ပံပညာသည် တစ်စိတ်တစ်ပိုင်းအားဖြင့် ဥပဒေပညာတွင် အခြေခံပါသည်။[၁၄] လူမှုရေးသိပ္ပံ၏ အမျိုးမျိုးသော ပညာနယ်ပယ်များရှိ ပညာရှင်များတွင် ၎င်းတို့ ကိုယ်ပိုင်နည်းစနစ် အားသာချက်နှင့် ထုံးစံများ ရှိကြောင်း အတွေ့အကြုံများက ထင်ရှားစွာ ပြသနေပါသည်။ ဥပမာအားဖြင့် စိတ်ပညာရှင်များသည် အခြားနည်းစနစ်များထက် လက်တွေ့စမ်းသပ်မှုကို ပိုမို သဘောကျပြီး ပြည်သူ့ရေးရာ စီမံအုပ်ချုပ်မှု ပညာရှင်များသည် ပေါင်းစပ်သုတေသနနည်းစနစ်ဖြစ်သည့် လက်တွေ့မျက်မြင် အရည်အသွေး အခြေပြုသုတေသနနည်းလမ်းနှင့် အရေအတွက်အခြေပြုသုတေသနနည်းလမ်းကို ပညာရပ်ဆိုင်ရာစာတမ်းများ လေ့လာဆန်းစစ်သုံးသပ်မှုဖြင့် ပေါင်းစပ်ဆောင်ရွက်လိုသည့် သဘောထားရှိကြသည်။

ဥပဒေကို ခွဲခြမ်းစိတ်ဖြာသုံးသပ်လေ့လာခြင်းနှင့် ဥပဒေရေးရာ သုတေသနနည်းစနစ်များအပေါ် အစဉ်အလာ ပညာရှင်ရှေ့နေများနှင့် ဥပဒေရေးရာ သုတေသနသမားများအကြား ဆက်လက် ဖြစ်ပေါ်လျက်ရှိသော ဆွေးနွေးငြင်းခုံမှုသည် ဒုတိယလမ်းကြောင်းပင်ဖြစ်သည်။ ဥပဒေပညာရှင်တစ်ဦးသည် အခြားသောတရားစီရင်ပိုင်ခွင့်များနှင့် စတင်နှိုင်းယှဉ်သောအခါ သို့မဟုတ် ယခင် ဥပဒေကို လက်ရှိကျင့်သုံးနေဆဲ ဥပဒေ၏ တရားဝင်အစိတ်အပိုင်းအဖြစ် စဉ်းစားသောအခါ နည်းစနစ်ပိုင်းဆိုင်ရာ အချင်းချင်း ဆွေးနွေးမှုသည် ပိုမို အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။[၁၅] အစဉ်အလာဥပဒေနည်းစနစ်အဖြစ် ယနေ့အချိန်ထိ မြင်မှတ်ခံရသည့်အရာသည် သက်သေလုံးဝ ပြနိုင်ခြင်း မရှိကြောင်း ၎င်းကိုယ်တိုင် ပြသလိမ့်မည်။ လွန်ခဲ့သည့် ရာစုနှစ်က ဥပဒေ ပညာရှင်များသည် ဥပဒေကို စာလုံးအမည်းဖြင့် ရေးသားထားသည့် ဥပဒေစာအုပ်တွင် မတွေ့ရှိရဘဲ တရားရုံးများ သို့မဟုတ် လူ့အဖွဲ့အစည်းများထဲတွင် တွေ့နိုင်သည်ဟု ယုံကြည်ခဲ့

---

[၁၂] B. van Klink & S. Taekema (eds.), *Law and Method: Interdisciplinary Research into Law* (2011).

[၁၃] F.L. Leeuw & H. Schmeets, *Empirical Legal Research. A guidance book for lawyers, legislators and regulators* (2016).

[၁၄] D. Dragos & P. Langbroek, 'Law and Public Administration: a Love-Hate Relationship?', in E. Ongaro & S. van Thiel (eds.), *The Palgrave Handbook of Public Administration and Management in Europe* (2017), chapter 54.

[၁၅] See Glenn, supra note 4. J.M. Kelly, *A short history of western legal theory* (1992), p. xi. D. Klippel, *Juristische Zeitgeschichte. Die Bedeutung der Rechtsgeschichte für die Zivilrechtwissenschaft* (1985), passim. In the Netherlands, on the absence of `pastness', see J.M. Milo, 'Hang naar Heden', (2017) Ars Aequi, March, pp. 240-249.

ကြသည်။ ထိုသို့ တွေ့နိုင်ရန် တရားသူကြီးများက လွတ်လပ်စွာ ဆွေးနွေးငြင်းခုံရန် လိုအပ်ပြီး အာဏာပိုင်၏ တားမြစ်ခြင်းမှ ကင်းလွတ်ရန်လိုအပ်သည်။ ပြင်သစ် သိပ္ပံနည်းကျ သုတေသနအခမဲ့ကျောင်း[၁၆]၊ Freirechtsbewegung[၁၇] သို့မဟုတ် ဥပဒေရေးရာ ယထာဘူတဝါဒီများ[၁၈]သည် မည်သည့်နည်းနှင့်မျှ ရှုံးနိမ့်မှုကို သရုပ်ပြခြင်း မပြုခဲ့ကြပေ။ ဆန့်ကျင်ဘက်အားဖြင့် ဥပဒေသည် ပညာရပ်တစ်ခုအဖြစ် မပေါ်ပေါက်မီကာလတွင် ၎င်းတို့သည် လူမှုရေးသိပ္ပံပညာရှင်များအဖြစ် တန်ဖိုးရှိ ကောင်းမွန်သည့် အထောက်အကူ များစွာပြုခဲ့ကြောင်း ပြသခဲ့သည်။[၁၉]

ဥရောပဥပဒေစနစ်ရှိ "ကတိအာမခံချက် (undertaking)" သို့မဟုတ် ကျင့်ထုံးဥပဒေရှိ "ပုဂ္ဂိုလ်ရေး အကျိုးစီးပွားရှိနေသူ (interested party)" အယူအဆကဲ့သို့သော ဥပဒေဆိုင်ရာ အသုံးအနှုန်းအပေါ် အယူအဆဆိုင်ရာ လေ့လာချက်သည် ကွဲပြားခြားနားသော အယူအဆဆိုင်ရာ လေ့လာဆန်းစစ်မှုအဆင့်များကို ရှင်းပြနိုင်သည်။ ၎င်းအဆင့်များကို အသုံးပြုခြင်းဖြင့် ဥပဒေအသုံးအနှုန်းနှင့် ပတ်သက်သည့် အယူအဆ၏ အဓိပ္ပာယ်ကို လေ့လာစိစစ်နိုင်ပြီး လူအဖွဲ့အစည်းအခြေအနေ ကွဲပြားမှုများအလိုက် ဖွံ့ဖြိုးတိုးတက်နိုင်ကြောင်း ရှင်းလင်းပြသနိုင်သည်။ "ကတိအာမခံချက်" ၏ အဓိပ္ပာယ်ကို ဥပဒေပညာရေး နယ်ပယ်ကမဟုတ်ဘဲ မော်ဒန်ခေတ်ဦး လက်တွေ့ဆောင်ရွက်မှုနယ်ပယ်က အစဦးဆုံး အဓိပ္ပာယ် ဖွင့်ဆိုခဲ့သည်။ ဥပမာအားဖြင့် Grotius ၏ အလုပ်တွင် ၎င်းအဓိပ္ပာယ်ကို တွေ့ရှိခဲ့ပြီး နောင်တွင် အခြားခိုင်လုံသော ဥပဒေစာသားများတွင် အသုံးပြုသည်ကို တွေ့ရှိရသည်။ ဥပဒေလေ့လာမှုကို စာပေဆိုင်ရာချည်းကပ်မှုနည်းလမ်းများတွင်လည်း ယနေ့တိုင် တွေ့မြင်ရသည်။ ပညာနှင့် လက်တွေ့ ဆောင်ရွက်မှုအကြား အပြန်အလှန် ချိတ်ဆက်လုပ်ဆောင်ခြင်းသည် ဥပဒေ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံပင် ဖြစ်ပါသည်။

ဥပဒေပညာ လေ့လာသင်ယူရာတွင် သုတေသနနည်းစနစ်အပေါ် ဆွေးနွေးမှုသည် ဥပဒေပညာ သုတေသန မဟာဝိဇ္ဇာသင်တန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ရှိနေရုံသာမက ဥပဒေရေးရာ မိတ်ဆက်သင်တန်းများမှတဆင့် သုတေသနနည်းစနစ်အပေါ် ဆွေးနွေးမှု စိမ့်ဝင်ပျံ့နှံ့ရေးသည် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်ဖြစ်သည်။ နောက်ဆုံးအနေဖြင့် ခေတ်ပြိုင်ပညာရေးနယ်ပယ်ရှိ ဥပဒေပညာလေ့လာမှု အဆင့်အတန်းကို အဆိုပါဆွေးနွေးမှုမှတဆင့် ပိုမိုအားကောင်းလာစေရန် မျှော်လင့်ပါသည်။

ဥပဒေပညာ လေ့လာမှုနည်းလမ်းများ၏ အတွေ့အကြုံများကို ဖလှယ်ရန် ရည်ရွယ်ချက်ရှိရှိဖြင့် ယခုအထူးထုတ်ကို ပြုစုထားပါသည်။ လိုချင်သည့် နည်းလမ်းကို ဖော်ပြခြင်းမပြုဘဲ ပွင့်လင်းသော သဘောထားအမြင်များကို တည်ထောင်ရန် ရှာဖွေထားပါသည်။ ဥပဒေပညာ လေ့လာရာတွင် နည်းစနစ်ရွေးချယ်အသုံးပြုရာ၌ သုတေသနမေးခွန်းများ၊ ရည်ရွယ်ချက်များနှင့် အကြောင်းအရာ များသည် ပြောင်းလွယ်ပြင်လွယ်ရှိရန် လိုအပ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။ အရည်အသွေး အခြေပြုသုတေသနနည်းလမ်း အသုံးပြုသူနှင့် အရည်အတွက်အခြေပြုသုတေသန နည်းလမ်း အသုံးပြုသူတို့အကြား မည်သည့်နည်းလမ်းသည် အကောင်းဆုံးဖြစ်ကြောင်း ဆွေးနွေးမှုကို ကျွန်ုပ်တို့ ပြုလုပ်မည် မဟုတ်ပါ။ သီအိုရီပိုင်းအရခိုင်မာသော အယူအဆဆိုင်ရာ လေ့လာမှုကို ရည်ညွှန်းကြသော်လည်း တခါတရံတွင် အခြားအကြောင်းအရာအဖြစ် (ဥပမာအားဖြင့် တရားသူကြီးများအပေါ် ပြည်သူများက ယုံကြည်စေသည့် အချက်များကို လေ့လာခြင်းကဲ့သို့) သုတေသနပညာရှင်သည် အချက်အလက်များအကြား ကျိုးကြောင်း

[၁၆] F. Geny, *Méthode d'interprétation et sources en droit privé positif: essai critique* (1899); and *Science Et Technique En Droit Prive Positif: Nouvelle Contribution à la Critique de la Méthode Juridique* (1913).

[၁၇] For example, Hermann Kantorowicz and Ernst Fuchs. See: Gnaeus Flavius (= Hermann U. Kantorowicz), *Der Kampf um die Rechtswissenschaft* (1906).

[၁၈] K.N. Llewellyn & E.A. Hoebel, *The Cheyenne Way. Conflict and Case Law in Primitive Jurisprudence* (1941).

[၁၉] And see in the Netherlands, e.g., I.H. Heijmans' inaugural lecture at the University of Amsterdam, 'Recht der werkelijkheid' (1910).

ဆက်နွယ်မှုကို စမ်းသပ်လိုပါက လက်တွေ့မျက်မြင် အရေအတွက်အခြေပြု ချည်းကပ်မှု (quantitative empirical approach) သည် အသင့်လျော်ဆုံးဖြစ်သည်။ ယခုထုတ်ဝေသည့် စာစဉ်တွင် ပါဝင်သည့်အချက်များက ဥပဒေပညာ လေ့လာမှုအတွက် ရှုထောင့်အမြင်များ မျှော်လင့်နိုင်ကြောင်းကို ဖော်ပြထားသည်။ ဥပဒေပညာ သုတေသနအတွက် အကောင်းဆုံးနည်းစနစ်များကို ကွဲပြားသော နယ်ပယ်များမှ ပညာရှင်များနှင့်အတူ ဖလှယ်နိုင်မည့် ထိတွေ့ဆက်ဆံမှုကို ဤစာစဉ်က ဖွင့်လှစ်ထားပါသည်။ အခြားအကျိုးကျေးဇူးအနေဖြင့် အစဉ်အလာ ဥပဒေပညာရှင်များသည် အမှုအကျင့်ဆိုင်ရာ လူမှုရေးပညာရှင်များနှင့် ဗဟုသုတ စတင် ဖလှယ်နိုင်ပေလိမ့်မည်။ အဆိုပါ အစဉ်အလာ ဥပဒေပညာရှင်များသည် ဥပဒေကို အကောင်အထည်ဖော်ရာတွင် အဓိပ္ပာယ်များကို ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေစံသတ်မှတ်ချက်များကို ပြန်လည် သတ်မှတ်ဖော်ထုတ်ခြင်းတို့ကိုလည်း အမှန်ပင်ဖြည့်ဆည်း ပံ့ပိုးပေး ကြပါသည်။ လူသားအပြုအမူကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် လူသားအပြုအမူကို ရှင်းလင်းတင်ပြခြင်းတို့ဖြင့် ပိုမိုကောင်းမွန်သော ဥပဒေဖြစ်ပေါ်ရေး အထောက်အပံ့ပေးပါသည်။ ဥပဒေပညာရှင်များသည် နောင်ကာလတွင် သုတေသန နည်းစနစ်များတွင် သမရိုးကျလမ်းစဉ်မှ ခွဲထွက်သောသူများ ဖြစ်လာလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် အခြားသော ပညာရပ်နယ်ပယ်များထက် သုတေသနနည်းစနစ် ကွဲပြား ခြားနားမှုကို ပိုမိုခံနိုင်ရည် ရှိစေမည် ဖြစ်သည်။ စီးပွားရေးပညာရှင်များ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရှင်များနှင့် လူမှုရေးရာစိတ်ပညာရှင်များသည် ဥပဒေပညာရှင်များထက် ပို၍ တသမတ်တည်းဖြစ်သော လုပ်ရိုးလုပ်စဉ်များနှင့် စံနမူနာများကို စွဲကိုင်ထားကြသည်။

ထို့ကြောင့် သီးသန့်သုတေသနဆွေးနွေးမှုကို ဖန်တီးမည် မဟုတ်ဘဲ သုတေသနပညာရှင်များကို အဆိုပါ ဆွေးနွေးမှုကို ဦးဆောင်ဦးရွက် ပြုလုပ်နိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်သည်။ ဥပဒေပညာ လေ့လာမှုနယ်ပယ်ရှိ ပညာရှင်များအကြား ပညာဗဟုသုတဖလှယ်ခြင်းကို ဆက်လက် ဆောင်ရွက်သွားရန် ပိုမိုရှင်းလင်းစွာ လှုံ့ဆော်သွားမည် ဖြစ်သည်။ သို့ဖြစ်၍ Montaigne စင်တာ သုတေသန နည်းစနစ်စီမံကိန်း၏ အစိတ်အပိုင်းဖြစ်သောပညာရှင်များ၏ အစည်းအဝေးအနေဖြင့် ကွန်းဖရင့်တစ်ခုကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ (၁၇) ရက်နေ့တွင် ဦးဆောင်ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် ဥပဒေသမိုင်း၊ အဓိပ္ပာယ် တည်ဆောက်မှုအဖြစ် ဖွင့်ဆိုခြင်းမှတဆင့် ဥပဒေဆိုင်ရာ တည်ဆောက်မှု၏ အရည်အသွေးအခြေပြု ရှင်းလင်းချက် နည်းစနစ်၊ မူလတရားရုံးက တရားရုံးချုပ်၏ စီရင်ထုံးဥပဒေကို မည်သို့အသုံးပြုသည်ကို ဖော်ပြသည့် အရည်အတွက်အခြေပြု နည်းလမ်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအားထုတ်မှုများ စသည်တို့ ပါဝင်သည်။ ထို့အပြင် လက်တွေ့မျက်မြင် အရည်အသွေးအခြေပြု သုတေသန (qualitative empirical research) နည်းလမ်းများကို ရှင်းလင်းတင်ပြခြင်းနှင့် လုပ်ထုံးလုပ်နည်း တရားမျှတမှုဆိုင်ရာ သုတေသနအား လူမှုစိတ်ပညာချဉ်းကပ်နည်းဖြင့် ဆောင်ရွက်ခြင်းကဲ့သို့ “သုံးနားညီစနစ် (Triangulation)[၂၀]” ဖြင့် ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ ဤစာစဉ်တွင် မြောက်မြားလှသော ဥပဒေသုတေသန နည်းစနစ်များကို လွှမ်းခြုံနိုင်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

ယခု ဂျာနယ်စာစောင်တွင် ဆောင်ရွက်မှုများကို အောက်တွင် အနှစ်ချုပ်ထားပါသည်။ ဥပဒေပညာ လေ့လာမှုများ၏ သုတေသနနည်းစနစ်ဆိုင်ရာ ဆွေးနွေးမှုများတွင်ဖြေရှင်းမည့် အဓိက ဘာသာရပ်များအတိုင်း အောက်တွင် အုပ်စုအလိုက် အနှစ်ချုပ်ဖော်ပြထားပါသည်။

[၂၀] သုံးနားညီစနစ် (Triangulation) ဆိုသည်မှာ သုတေသန ရလဒ်များ၏ အများယုံကြည်လက်ခံနိုင်မှုနှင့် ကျိုးကြောင်းဆီလျော်မှုကို ပိုမိုမြင့်မားစေရန်အတွက် ဖြစ်စဉ်တစ်ခုကို လေ့လာရာတွင် သုတေသနနည်းစနစ်ပေါင်းစုံ အသုံးပြုခြင်း ဖြစ်သည်။

## ၂။ သုတေသန အစီအစဉ်နှင့် နည်းစနစ်ဆိုင်ရာ မဟာဗျူဟာ (Research programme and methodological strategy)

ဤစာစဉ်တွင် ပါဝင်သည့် စာတမ်းများထဲတွင် လူကြီးမင်းတို့၏ ပထမ ဦးစားပေး အာရုံစိုက်မှု လိုအပ်သည့်အရာမှာ Willem van Boom နှင့် Rob van Gestel တို့မှ ပြုစုရေးသားသည် ဥပဒေပညာရှင်များအကြား သုတေသန စာတမ်းအရည်အသွေးနှင့် ဥပဒေသုတေသန၏ အရည်အသွေးအကြောင်း မေးမြန်းထားသည့် အစီရင်ခံစာ ဖြစ်ပါသည်[၂၁]။ မည်သည့်အရာက ပြည့်စုံကောင်းမွန်သော ဥပဒေပညာ သုတေသနဖြစ်သည်ဟူသောအချက်ကို အများမှ တူညီသည့်နားလည်မှု မရှိကြောင်း ဖော်ပြထားသည့်အတွက် အရေးကြီးသည်။ တူညီသည့် စံချိန်စံညွှန်းတစ်ခု မရှိသည့်အတွက် တင်သွင်းလိုက်သည့် စာတမ်း သို့မဟုတ် သုတေသနအစီရင်ခံစာများ၏ အရည်အသွေးကို စိစစ်အကဲဖြတ်မှုသည် ကျပန်း ရွေးချယ်မှုဖြစ်လာသည်။ အဆိုပါလုပ်ငန်းသည် စိစစ်အကဲဖြတ်သူများ၏ ရွေးချယ်မှုကို ကြိုတင်ခန့်မှန်းနိုင်သည့် ရလဒ် ပေါ်ထွက်လာသည်။ ဥပဒေပညာသုတေသနနှင့် စာတမ်းများဆိုင်ရာ အရည်အသွေးနှင့် ပတ်သက်၍ ဥပဒေပညာရှင်များအကြားတွင် တူညီသောနားလည်မှုကို မဖြစ်မနေ စတင်တည်ဆောက်လာစေသည့် အခြားအကြောင်းပြချက်လည်းရှိသေးသည်။ ဗဟိုတက္ကသိုလ်စီမံခန့်ခွဲမှု၏ နိုင်ငံရေးဆိုင်ရာ တာဝန်ယူမှု တာဝန်ခံမှုနှင့်ပတ်သက်၍ တက္ကသိုလ် စီမံခန့်ခွဲမှု၊ ပညာဌာနနှင့် ပညာရှင်များအကြား ဆက်စပ်ပတ်သက်မှုကို ကျွန်ုပ်တို့ နားလည်လျှင် ပညာရပ်ဆိုင်ရာ စွမ်းဆောင်ရည်ကို ဥပဒေပညာနှင့် လားလားမျှမသက်ဆိုင်သည့် စီမံခန့်ခွဲမှု စံချိန်စံညွှန်းများနှင့် တိုင်းတာမည့် အန္တရာယ်ရှိလာလိမ့်မည် ဖြစ်သည်။ ထို့ကြောင့် ဥပဒေပညာဆိုင်ရာ အရည်အသွေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက် ကွဲပြားမှုအပေါ်မူတည်၍ ဥပဒေပညာရှင်များ၏ နှစ်သက်လိုလားချက်များ ကွဲပြားလာခြင်းကြောင့် ပညာရှင်များက အဆိုပါ အရည်အသွေးစံချိန်ကို စီမံအုပ်ချုပ်မှု စံနှုန်းများဖြင့် တက္ကသိုလ် စီမံအုပ်ချုပ်သူများမှ စတင်ဖြည့်ဆည်းလာသည်ကို ပိုမိုလိုလား လာကြသည်။ သို့ဖြစ်၍ ယခုထုတ်ဝေသည့် *Utrecht ဥပဒေစိစစ်သုံးသပ်ချက်* အထူးထုတ်သည် အောက်ခြေမှ အထက်အဆင့်ဆင့် ဆောင်ရွက်သွားမည့် လုပ်ငန်းများကို အကောင်အထည်ဖော်ရန် နောက်ဆုံး ဆော်ဩခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ ပညာဌာနများနှင့် သုတေသန ဒါရိုက်တာများသည် အင်အားများကို စုစည်းပြီး အချိန်နှင့်အမျှ ပြောင်းလဲနေသည့် ဥပဒေသုတေသနနှင့် ကိုက်ညီစေမည့် သုတေသနနှင့် စာတမ်းများဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်းများကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည့် အချိန်ပင် ဖြစ်သည်။

Frans Leeuw[၂၂] ၏ တင်ပြဆွေးနွေးချက်သည် Van Boom နှင့် Van Geste တို့၏ ကျိုးကြောင်း ဆီလျော်မှုကို ထပ်လောင်းဖြည့်ဆည်းပေးပါသည်။ ၁၉၃၀ ခုနှစ်များအတွင်း ပေါ်ပေါက်ခဲ့သည့် သဘောတူညီချက်အသစ် နိုင်ငံရေး (New Deal Politics[၂၃]) ကို အထောက်အပံ့ပေးသည့် သုတေသန အစီအစဉ်သာမက လှုပ်ရှားမှုအဖြစ် အမေရိကန်နိုင်ငံ၏ ဥပဒေသရုပ်မှန်ဝါဒအကြောင်းကို Frans Leeuw က ဆွေးနွေးသည်။ အဆိုပါဆွေးနွေးချက်သည် အမှန်တကယ်အားဖြင့် သုတေသနအစီ အစဉ်တစ်ခုဖြစ်ပုံမရဘဲ ဥပဒေသည် လူမှုအဖွဲ့အစည်းအတွင်း မည်သို့အလုပ်လုပ်သည်ကို နိုင်ငံရေးသမားများအား သတင်းစကားပါးနိုင်ရန် ဆောင်ရွက်သည့် ဥပဒေပညာကို လက်တွေ့မျက်မြင်အခြေပြု ချည်းကပ်နည်း ဖြစ်သည်။ ထို့ကြောင့် ပညာရှင်အများအပြားသည် ရုစဗဲ့အုပ်ချုပ်ရေး၏ အဖွဲ့အစည်းဖြစ်သည့် New Deal လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့ကြသည်။ ပညာရပ်နယ်ပယ်မှ လက်တွေ့နယ်ပယ်သို့ ဦးနှောက်

---

[၂၁] W. van Boom & R. van Gestel, 'Evaluating the Quality of Dutch Academic Legal Publications: Results from a Survey', (2017) 13 *Utrecht Law Review*, no. 3, <http://doi.org/10.18352/ulr.404>, pp. 9-27.

[၂၂] F.L. Leeuw, 'American Legal Realism: Research Programme and Policy Impact', (2017) 13 *Utrecht Law Review*, no. 3, <http://doi.org/10.18352/ulr.412>, pp. 28-40.

[၂၃] သဘောတူညီချက်အသစ် (New Deal) ဆိုသည်မှာ သမ္မတ ဖရင်ကလင်ရုစဗဲ့လက်ထက် ၁၉၃၃ နှင့် ၁၉၃၉ ခုနှစ်အကြား အမေရိကန်နိုင်ငံတွင် ပြဋ္ဌာန်းခဲ့သည့် မြောက်မြားလှစွာသော ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အစီအစဉ်များ၊ ပြည်သူ့အကျိုးပြု စီမံကိန်းများနှင့် ဘဏ္ဍာရေး ပြုပြင်ပြောင်းလဲမှုများ ဖြစ်သည်။

ယိုစီးမှုသည် ဥပဒေသရုပ်မှန်ဝါဒအနေဖြင့် သုတေသနအစီစဉ်ကို အမှန်တကယ် အကောင်အထည်ဖော်စေခြင်းမှ တားမြစ်လိမ့်မည်ဟု Leeuw အကြံပြုသည်။ အဆိုပါ ဦးနှောက်ယိုစီးမှုကို ယနေ့တွင် "ဗဟုသုတ ပျံ့နှံ့ခြင်း၊ အသုံးချခြင်းနှင့် ပညာအရင်းတိုးပွားခြင်း" ဟု သတ်မှတ်ကြသည်။ ဥပဒေသရုပ်မှန်ဝါဒအသစ်သည် တရားရုံးများ၊ တရားသူကြီးများနှင့် တရားဝင် တရားရေးစနစ်များကို ကျော်လွန်၍ နေ့စဉ်လူမှုဘဝတွင် ပြည်သူများအတွက် အကျိုးရှိစေမည့် ဥပဒေကို ဆန်းစစ်ပါသည်။ ထို့အပြင် နည်းစနစ်ပေါင်းစုံကို လက်ခံသည့် သဘောထားလည်း ရှိသည်။ သို့သော် ဤနည်းစနစ်ပေါင်းစုံ လက်ခံမှုကို ရွက်ဖျင်တဲကြီး ချည်းကပ်မှု (Big Tent approach[၂၄]) ကဲ့သို့ အကန့်အသတ်မရှိ ဆောင်ရွက်လွန်းသည်ဟု Leeuw က ဝေဖန်သည်။ မည်သည့် သုတေသနနည်းစနစ်သည် မည်သည့် ပြဿနာပုံစံ သို့မဟုတ် သုတေသန မေးခွန်းကို အကောင်းဆုံး ဖြေရှင်းနိုင်ရန်အတွက် ဥပဒေသုတေသနတွင် တိကျသည့် လမ်းညွှန်ချက်များလိုအပ်သည်။ အထူး ဂရုပြုဆောင်ရွက်လွန်းပါကလည်း မူဝါဒချမှတ်သူများသို့ ပညာဉာဏ် ပြောင်းလွှဲမှုကို ဦးတည်စေ နိုင်ကြောင်း Leeuw က သတိပေးထားပြန်သည်။ သုတေသနသည် အချိန်ယူရပါသည်။ ပညာဗဟုသုတသည် အဆိုပါ သုတေသနအပေါ် အခြေခံ၍ ဖြစ်ပေါ်လာသည်။ ထို့ကြောင့် လက်တွေ့မျက်မြင် အခြေပြုချည်းကပ်မှု (Empirical Approach) နှင့် အယူအဆ အခြေပြု ချည်းကပ်မှု (Doctrinal[၂၅] Approach) တို့ကို ပေါင်းစပ်ဆောင်ရွက်လိုသူများအတွက် ဥပဒေသရုပ်မှန်ဝါဒအစီအစဉ်ကို ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ၎င်း၏ ပညာဗဟုသုတ တိုးပွားလာသည့် တိုးတက်မှုကို စိစစ်အကဲဖြတ်ခြင်းတို့သည် အရေးတကြီး လိုအပ်ပါသည်။

ပညာရပ်ဆိုင်ရာအဖွဲ့အစည်းနှင့် သုတေသနအစီအစဉ်များတွင် ဥပဒေပညာလေ့လာမှု၏ နည်းစနစ်များ၏ ကြီးမား ကျယ်ပြန့်သော အခန်းကဏ္ဍမှ လုံးဝ ခွဲထွက်ခြင်းမပြုဘဲ သမိုင်းကြောင်း အစဉ်အလာအရ ဥပဒေအမြင်ရှု့ထောင့်မှ အထောက်အပံ့ပေးသွားမည် ဖြစ်သည်။ ထို့အပြင် ခေတ်ဟောင်း စာသားများကိုဖတ်ရှု၍ အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုသည် အရေးကြီးသည့် လုပ်ဆောင်ချက်ဖြစ်ကြောင်း ဖော်ပြပါသည်။

## ၃။ လက်ရှိ ဥပဒေသုတေသနဖြစ်ပေါ်လာစေရန် လှုံ့ဆော်အားပေးခဲ့သည့် ဥပဒေပညာ သမိုင်း (History as an inspiration of current legal research)

ရှေ့နေများသည် အတက်ပညာ ကျွမ်းကျင်သူများအဖြစ်သာမက ဥပဒေလေ့လာမှုသည် ပညာရပ်တစ်ခုအဖြစ် ရှေးပဝေသဏီကတည်းကပင် အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ခဲ့ကြောင်း René Brouwer က အက်ဆေးတစ်ပုဒ် ရေးသားခဲ့ပြီး တက္ကသိုလ်များရှိ ဥပဒေပညာနှင့် ရှေ့နေများ၏ အခန်းကဏ္ဍကိုလည်း ရေးသားခဲ့ပါသည်[၂၆]။ René Brouwer ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း မူရင်းရောမဘာသာ အရင်းအမြစ်များအပေါ် အခြေခံသည့် ဥပဒေစာအုပ်စာတမ်းများကို ဖတ်ရှု့ခြင်းသည် ဥပဒေကောလိပ်များ၏ အခြေခံဖြစ်ခဲ့သည်။ အဆိုပါအကြံဉာဏ်သည် Bologna ရှိ တက္ကသိုလ်များ၏ အစဦးကာလ ၁၁ ရာစုတွင် ထင်ရှားခဲ့ပြီး ဥရောပတခွင် ပျံ့နှံ့သွားခဲ့သည်။ အင်္ဂလန်နိုင်ငံတွင် အခြေပြုခဲ့သည့် နော်မန်လူမျိုးတို့၏ တရားစီရင်ဆုံးဖြတ်ချက်နည်းလမ်းကို René Brouwer က ရှင်းပြခဲ့သည်။ အဆိုပါ နော်မန်နည်းလမ်းသည် ၎င်းတို့၏ ကိုယ်ပိုင် စည်းမျဉ်းနှင့် ဖြတ်ထုံးတို့အပေါ် မူတည်ပြီး ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု

---

[၂၄] ရွက်ဖျင်တဲကြီး ချည်းကပ်မှု (Big Tent approach) ဆိုသည်မှာ နိုင်ငံရေးပါတီတစ်ခုသည် အခြားသော နိုင်ငံရေးပါတီများကဲ့သို့ နိုင်ငံရေးဆိုင်ရာ အိုင်ဒီယာများကို သတ်သတ်မှတ်မှတ် မထားရှိဘဲ ပါတီဝင်များ၏ များပြားကျယ်ပြန့်သော အမြင်များကို လက်ခံသည့် မူဝါဒ ဖြစ်သည်။

[25] အယူအဆအခြေပြု သုတေသန (Doctrinal Research) သည် အယူအဆစမ်းသပ်ခြင်း သို့မဟုတ် ဗဟုသုတ တည်ဆောက်မှုအတွက် ဥပဒေပညာရပ်နယ်ပယ်တွင် ဆောင်ရွက်သည့် အစဉ်အလာသုတေသန အမျိုးအစား ဖြစ်သည်။ အဆိုပါ သုတေသနသည် ကျင့်သုံးဆဲ ဥပဒေများ၊ ဆက်စပ်စီရင်ထုံးများနှင့် ခိုင်လုံသော အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်ခြင်း ဖြစ်သည်။

[26] R. Brouwer, 'The Study of Law as an Academic Discipline', (2017) 13 *Utrecht Law Review*, no. 3, <http://doi.org/10.18352/ulr.405>, pp. 41-48.

ဥပဒေကို သိနားလည်ခြင်းဖြစ်သည်။ ကိုဓဥပဒေကို လက်ရေးဖြင့် ရေးသားပြုစုခြင်း (ဥပဒေလက်ရေးမှု) သည် လက်ရှိအချိန်အထိ ဥရောပတွင် ကျန်ရှိနေသည့် ရောမခေတ်အိုင်ဒီယာ ဖြစ်သည်။ ထို့အပြင် ဥပဒေသည် သိပ္ပံနှင့် လူမှုဘာသာရပ်များအကြား ပညာရပ်နယ်ပယ်တစ်ခုအဖြစ် တည်ရှိနေပုံကို Brouwer က ရှင်းပြပါသည်။ လူမှုဘာသာရပ်များတွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု၏ အခန်းကဏ္ဍကို ထင်ဟပ်စေသည့် ပညာရပ်အဖြစ် ဥပဒေပညာကို Brouwer က ပထမဦးစွာ ဖော်ပြပါသည်။ ဥပဒေသည် ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းများဖြင့် ဖွဲ့စည်းထားသည့် စုစည်းမှုဖြစ်သည်ဟူသော အမြင်ရှုထောင့်ဖြင့် အနက်အဓိပ္ပာယ် ဖွင့်ဆိုမှုကို အသုံးပြုသည်။ ၎င်းစည်းမျဉ်းများကို သီးခြားအမှုကိစ္စရပ်များတွင် အသုံးပြုရသည့်အတွက် အနက်အဓိပ္ပာယ် ဖွင့်ဆိုမှု လိုအပ်ခြင်း ဖြစ်သည်။ ဒုတိယအချက်အနေဖြင့် သိပ္ပံပညာနှင့် ဥပဒေပညာတို့၏ အတွေးအခေါ်ဆိုင်ရာ ဆက်သွယ်မှုနှင့် ဥပဒေကို သိပ္ပံဘာသာရပ်နှင့် နီးကပ်စွာ ထားရှိကြောင်းကို ဖော်ပြသည်။ အကြောင်းရင်းမှာ ဥပဒေပညာသည် လူ့သဘောသဘာဝကို နားလည်မှုအပေါ် အခြေပြုထားသည့် ပညာဉာဏ်ကို ရှာဖွေသည့် ပညာရပ်ဖြစ်ခြင်းကြောင့်ပင် ဖြစ်သည်။ ဖော်ပြပါ အချက်အလက်များအပြင် အထူးသဖြင့် ဥပဒေပညာတွင် ကွဲပြားသော သုတေသနနည်းစနစ်များ အမြဲအဆင်သင့် ရှိခြင်းကြောင့် ဥပဒေသည် ပညာရပ်ဆိုင်ရာနယ်ပယ်ဖြစ်ကြောင်း မငြင်းဆိုနိုင်ပေ။

အလယ်ခေတ်[၂၇] စာအုပ်စာတမ်းများလေ့လာခြင်းဖြင့် ရှေးဟောင်းဂရိမြို့ပြနိုင်ငံဖြစ်သည့် Byzantium နှင့် အီတလီမြို့ပြနိုင်ငံများအကြား ဥပဒေဆိုင်ရာ ဆက်စပ်မှုကို တွေ့မြင်နိုင်ကြောင်း Daphne Penna က ပြသသည်။[၂၈] ပထမဦးဆုံးအနေဖြင့် အီတလီမြို့ပြများနှင့် Byzantium မြို့ပြနိုင်ငံအကြား ကုန်သွယ်မှုနှင့် ဆက်စပ်သည့် ဥပဒေဆိုင်ရာ ဆက်သွယ်မှုက ကျွန်ုပ်တို့၏ ဥပဒေအိုင်ဒီယာအပေါ် မည်သို့လွှမ်းမိုးမှုရှိသည်ကို သူမက ဖော်ပြသည်။ အဆိုပါ ဥပဒေဆက်သွယ်မှုတွင် နိုင်ငံခြားသားတရားသူကြီးများကိုပင် အခြားနိုင်ငံ၏ တရားစီရင်ရေးစနစ်တွင် စီရင်ချက်ချမှတ်နိုင်သည့်ကိစ္စကို ခွင့်ပြုပေးထားသည်။ ကုန်သွယ်ရေးနှင့် ဆက်စပ် ဥပဒေရေးရာကိစ္စများသည် ဘုံဥပဒေ (Jus Commune) အိုင်ဒီယာ၏ အခြေခံပင် ဖြစ်သည်။ ထို့ကြောင့် အဆိုပါ မူရင်းဥပဒေအရင်းအမြစ် စာအုပ်စာတမ်းများကို လေ့လာရန် လိုအပ်ရခြင်း ဖြစ်သည်။ အွန်လိုင်းအချက်အလက်ဘဏ်များထဲမှ အဆိုပါစာအုပ်စာတမ်းများ ရရှိသော်လည်း ၎င်းတို့ကို လေ့လာရန် မလွယ်ကူပေ။ အကြောင်းရင်းမှာ ထိုသို့လေ့လာနိုင်ရန် ဂရိနှင့် လက်တင်ဘာသာစကား ဖတ်တတ်ရန် လိုအပ်ပြီး မရေမတွက်နိုင်သော ပဟေဠိများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရမည် ဖြစ်ခြင်းကြောင့် ဖြစ်သည်။ ယခုကိစ္စရပ်တွင် အသုံးပြုသည့်နည်းစနစ်သည် အသစ်ဖန်တီး အသုံးပြုခြင်းမဟုတ်ဘဲ အမြင်ရှုထောင့် အသစ်ကိုသာ တီထွင်ဖန်တီးထားသည်ကြောင်း ဖော်ပြထားသည်။ စုဆောင်းထားသည့် သတင်းအချက်အလက်များကို လက်ရှိ ဥရောပနှင့် ပတ်သက်သည့် ဆွေးနွေးမှုများတွင် လွှဲပြောင်းအသုံးပြုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် အစိုးရနှင့် စီးပွားရေးလုပ်ငန်းများသည် အချင်းချင်း အပြန်အလှန် အကျိုးပြုလျက်ရှိပြီး ဥပဒေဖြင့် ချည်နှောင်ထားသည့်နိုင်ငံများတွင် လက်ရှိနိုင်ငံရေး အခြေအနေတွင် လျှမ်းလျှမ်းတောက် ရှေ့ရောက်လျက်ရှိပါသည်။

ဘယ်တော့မှ ကွယ်ပျောက်သွားမည် မဟုတ်သည့် သိပ္ပံပညာနှင့်အပြိုင် ဥပဒေပညာသည် အစဉ်အလာအရ ခိုင်မြဲစွာ ရပ်တည်လျက်ရှိကြောင်း ပထမဦးစွာ ဥပဒေသမိုင်းကြောင်းက ပြသသည်။ ဒုတိယအချက်အနေဖြင့် စာသားများကို ဖတ်ရှု၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းဟူသည့် ရှေးရိုးစဉ်လာ သုတေသနနည်းစနစ်များ မရှိဘဲ အတိတ်ကာလ ဥပဒေကို ကောင်းစွာနားလည်၍ အသုံးမချ နိုင်ကြောင်း ဖော်ပြသည်။ နောက်ပိုင်းတင်ပြချက်နှင့် ဆက်စပ်၍ အောက်ပါတို့ကို တင်ပြသွားမည် ဖြစ်သည်။ အဓိပ္ပာယ်ဖွင့်ဆိုမည့် ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်မှုနည်းလမ်းနှင့် အမြင့်ဆုံးတရားရုံးက ချမှတ်သည့် စီရင်ချက်ခိုင်လုံမှု၏ အကျိုးထိရောက်မှုအပေါ် အရေအတွက်အခြေပြု လေ့လာဆန်းစစ်မှုကို ဆောင်ရွက်သွားမည့် နည်းစနစ်များအကြောင်းပင် ဖြစ်သည်။

[၂၇] အေဒီ ၁၁၀၀ - ၁၄၀၀

[၂၈] D. Penna, ‘Odd Topics, Old Methods and the Cradle of the *Ius Commune*: Byzantine Law and the Italian City-States’, (2017) 13 *Utrecht Law Review*, no. 3, <http://doi.org/10.18352/ulr.403>, pp. 49-55.

## ၄။ ဥပဒေများကို နှိုင်းယှဉ်လေ့လာခြင်း (Comparative law)

“ဥရောပရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် အဆိုပါပစ္စည်းများ လွှဲပြောင်းမှု” ကဲ့သို့ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကာကွယ်ရေး စီမံကိန်းတွင် ရရှိခဲ့သည့် ဥပဒေများ နှိုင်းယှဉ်လေ့လာခြင်း အတွေ့အကြုံကို Peter Sparkes က ကျွန်ုပ်တို့ကို ဝေမျှသွားပြီး ဖြစ်သည်[၂၉]။ ဥပဒေများ နှိုင်းယှဉ်လေ့လာသည့် နိုင်ငံတကာစီမံကိန်းတွင် ဖြစ်ပေါ်သော စစ်တမ်းမေးခွန်းလွှာနှင့် ပတ်သက်သည့် ပြဿနာများကို Peter Sparkes က ထုတ်ဖော်ပြောဆိုသည်။ သူ၏ အတွေ့အကြုံထဲမှ အဓိကအကျဆုံးမှာ ရွေးချယ်ထားသော နိုင်ငံများနှင့် ပြန်လည်တင်ပြသူများ၏ စိတ်ပါဝင်စားမှုများသာမက အမြင်သဘောထားကို ပြောင်းလဲရာတွင် တွေ့ကြုံရသည့် ပြဿနာများနှင့် အချက်အလက်များအပေါ် အမြင်သဘောထားတို့ ဖြစ်သည်။ အခြားပြဿနာများမှာ အခေါ်အဝေါ် အသုံးအနှုန်းနှင့် သက်ဆိုင်သည်။ အထူးသဖြင့် ဥရောပအများသုံး ဘာသာစကားဖြစ်သည့် အင်္ဂလိပ်စကားအခေါ်အဝေါ် ‘real property’ သည် ဗြိတိန်နိုင်ငံတွင် ဥပဒေရှုထောင့်အရ ဝိဝါဒဖြစ်ဖွယ် အခေါ်အဝေါ်အသုံးအနှုန်းဖြစ်သည်။ ပိုမိုသေချာနားလည်စေရန် အလို့ငှာ ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂမှ ခွဲထက်ပြီးဖြစ်သော်လည်း စီမံကိန်းတွင် ပါဝင်နေသည့် ရှေ့နေ့ပညာရှင်များကို အင်္ဂလိပ်ဥပဒေနှင့် ကျွမ်းဝင်အောင် လေ့ကျင့်ပေးရန် လိုအပ်ကြောင်း ၎င်းအချက်သည် ပြသနေပါသည်။ ဥပဒေများကို နှိုင်းယှဉ်သောအခါ ခြားနားသော ဥပဒေစနစ်များရှိ အမြင်သဘောထား ယူဆချက်များကို ချဉ်းကပ်မှုသည် ပိုမိုအလုပ်တွင်စေမည် ဖြစ်သည်။ နောက်ဆုံးအနေဖြင့် အဆိုပါစီမံကိန်းမှ ပေါ်ထွက်လာသည့် နိုင်ငံအလိုက် ဥပဒေ လုပ်ရိုးလုပ်စဉ်များနှင့် နည်းစနစ် များကြား ကွဲပြားခြားနားမှုကို စဉ်းစားရင်း ထိုကဲ့သို့ စီမံကိန်းကို မည်သို့ ထိန်းကျောင်းသွားမည်ကို Peter Sparkes က ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ်ရှင်းလင်းသည်။ လူတစ်ဦးက အဖြေအားလုံးကို သိနိုင်မည့် ကျေနပ်ဖွယ် စစ်တမ်းမေးခွန်းလွှာကို မူကြမ်းပြုစုရန် မဖြစ်နိုင်ကြောင်း ၎င်းက သုံးသပ်ပါသည်။

ထို့ကြောင့် အဆိုပါဥပဒေများကို နှိုင်းယှဉ်လေ့လာသည့် စီမံကိန်းကို ဆောင်ရွက်မည့် အဖွဲ့အစည်းသည် မည်မျှ အရေးကြီးကြောင်းကို ဖော်ပြပါသည်။ နှိုင်းယှဉ်လေ့လာမည့် ရည်ရွယ်ချက်ဖြင့် မေးမြန်းမည့် စစ်တမ်းမေးခွန်းလွှာကို ဖြေဆိုရာတွင် ပေါ်ပေါက်လာသည့် သဘောထား ယူဆချက်ဆိုင်ရာ အမြင်များကို ဆက်လက်ဖလှယ်ရင်း သုတေသနပညာရှင်များသည် ပူပေါင်းပါဝင်ရန် အရေးကြီးကြောင်းကိုလည်း ပြသပါသည်။

## ၅။ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း - အဓိပ္ပာယ်ကို ဖွဲ့စည်းတည်ဆောက်ခြင်းနှင့် ကိန်းဂဏန်းများကို ခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်ခြင်း (Interpretation: construction meaning and analysing numbers)

ခရမ်းချဉ်သီးကို ဟင်းသီးဟင်းရွက်အဖြစ် သို့မဟုတ် သစ်သီးအဖြစ် သတ်မှတ်သင့်သလား ဟူသည့် ပြဿနာရပ်ကဲ့သို့ အမြင်သဘောထားယူဆချက်ကို အနက်အဓိပ္ပာယ် ကောက်ယူရာတွင် ရှေ့နေနှင့် ဥပဒေပညာရှင်များ၏ ရွေးချယ်မှုများကို Paul van den Hoven က ရှင်းလင်းပါသည်[၃၀]။ စကားလုံး အဓိပ္ပာယ်များကို စဉ်းစားသုံးသပ်ရာတွင် နည်းစနစ်ကို မူတည်၍ ရွေးချယ်ရန်ကိုလည်း အခိုင်အမာ ပြောဆိုပါသည်။ Paul van den Hoven ၏ အဆိုရဆိုလျှင် ဤအရာသည် အချက်အလက်ဆိုင်ရာ ပြဿနာအပေါ် အမြင်သဘောထားများနှင့် ဥပဒေရင်းမြစ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းဟူသည့် အမျိုးအစားခွဲခြားခြင်း ဖြစ်သည်။ တရားသူကြီးများအတွက် အမျိုးအစားခွဲခြားခြင်းသည် အယူအဆများအကြား ဆက်နွယ်မှုကို သုံးသပ်ခြင်းမဟုတ်ဘဲ အခေါ်အဝေါ် အသုံးအနှုန်းများအကြား ဆက်နွယ်မှုကို

---

[၂၉] P. Sparkes, ‘Drafting (and Redrafting) Comparative Property Questionnaires’, (2017) 13 *Utrecht Law Review*, no. 3, <http://doi.org/10.18352/ulr.415>, pp. 142-152.

[၃၀] P. van den Hoven, ‘Analysing Discursive Practices in Legal Research: How a Single Remark Implies a Paradigm’, (2017) 13 *Utrecht Law Review*, no. 3, <http://doi.org/10.18352/ulr.407>, pp. 56-64.

တည်ဆောက်ခြင်းသို့မဟုတ် ဆုံးဖြတ်ခြင်းပင် ဖြစ်သည်။ မည်သူ့ထံတွင် ဆုံးဖြတ်ပိုင်ခွင့် အခွင့်အာဏာရှိကြောင်း မေးခွန်း ပေါ်ပေါက်လာသည်။ အချက်အလက်များသည် အရှိတရား၏ အစိတ်အပိုင်းများ ဖြစ်ကြောင်း Van den Hoven က ရှင်းပြသည်။ သို့သော် ဥပဒေပညာတွင် အဆိုပါအချက်အလက်များသည် ဥပဒေအရ အကျိုးသက်ရောက်မှုကို အရင်ဖြစ်စေပါသည်။ *အချက်အလက် (fact)၊ သက်သေ (evidence)၊ သက်သေပြချက် (proof)၊ အမှန် (true)၊ အမှား (false)၊ မှန်ကန်သော (correct)၊ မမှန်သော (incorrect)၊ စွပ်စွဲသည် (alleged)* စသည့် အသုံးအနှုန်းများသည် ပြည့်စုံစွာ အဓိပ္ပာယ်ဖွင့်ဆိုမှု မရှိကြောင်း Van den Hoven က ပြသသည်။ အကြောင်းရင်းမှာ ဥပဒေသည် အဆိုပါ အသုံးအနှုန်းများကို သဘောတရားနည်းဖြင့်သာ အနက်ဖွင့်ဆိုပြီး အရှိတရားနှင့် သဟဇာတဖြစ်လေ့ မရှိသောကြောင့် ဖြစ်သည်။ ထို့အတူ ဥပဒေဝေါဟာရကို အနက်အဓိပ္ပာယ် ဖွင့်ဆိုသောအခါ ဆန်းစစ်မှု ရွေးချယ်ခြင်းသည် တရားသူကြီးအတွက် စကားတန်ဆာဆင်ခြင်းမျှသာ ဖြစ်သည်။ ဥပဒေပညာရှင်အတွက်မူ ထိုသို့အနက်အဓိပ္ပာယ် ဖွင့်ဆိုမှု ရွေးချယ်ခြင်းသည် နည်းစနစ်တစ်ရပ်ဖြစ်သည်။ အဆိုပါအနက်အဓိပ္ပာယ်ဖွင့်ဆိုသည့် နည်းစနစ်ကွဲပြားပါက နောက်ဆုံးရလဒ်သည် အနည်းငယ် ကွဲပြားနိုင်ပြီး နည်းစနစ်နှင့် ထွက်ပေါ်လာသည့် ရလဒ်အကြား စပ်ဆက်နေပါသည်။

အနက်အဓိပ္ပာယ်ကောက်ယူမှုသည် အမှုကိစ္စတစ်ခုကို ဆန်းစစ်ခြင်းမျှသာမဟုတ်ဘဲ လူ့စကား တန်ဆာဆင်သည့် အတွေးကဲ့သို့သော အနက်အဓိပ္ပာယ်ကောက်ယူမှုထက် ကျော်လွန်ကြောင်းကို Matthias Van der Haegen က ရှာဖွေတွေ့ရှိခဲ့သည်။ Belgian တရားရုံးချုပ်၏ စီရင်ထုံးသည် အယူခံတရားရုံးနှင့် မူလတရားရုံးတို့၏ စီရင်ထုံးအပေါ် အကျိုးသက်ရောက်မှုရှိသည်ကို တွေ့ရှိရသည်[၂၁]။ စီရင်ထုံးဥပဒေအားလုံးကို ဖတ်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲကို ကျော်လွှားရန်အလို့ငှာ စီရင်ထုံးဖတ်ရန်နှင့် စီရင်ထုံး၏ အစိတ်ပိုင်းနှစ်ခု မည်သို့ဆက်နွယ်သည်ကို ကြည့်ရှုရန် စက်တစ်ခုကို အသုံးပြုခဲ့သည်။ အမြင့်ဆုံး တရားရုံး၏ လွှမ်းမိုးမှုကို ခွဲခြား သတ်မှတ်ရန်အတွက် မူလတရားရုံးများ၏ စီရင်ထုံးတွင် သွယ်ဝိုက် မှီငြမ်းကိုးကား ချက်များကို ရှာဖွေရန် စက်တစ်လုံးဖြင့် ကြိုးစားပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ကို အယူခံတရားရုံးနှင့် မူလ တရားရုံးများ၏ စီရင်ထုံးများတွင် သွယ်ဝိုက် မှီငြမ်းကိုးကားမှုများ ရှိ မရှိ ယူဆချက်ကို အဆင့်မြင့် စာရင်းအင်းဆန်းစစ်မှု နည်းပညာဖြင့် စမ်းသပ်ပါသည်။ တရားရုံးဆုံးဖြတ်ချက်များတွင် ထက်အောက်စဉ်စနစ် သဘောတရားနှင့် ပတ်သက်၍ တရားစီရင်ရေး အဖွဲ့အစည်းများသည် အကြောင်းအရာ သို့မဟုတ် အစီအစဉ်အလိုက် တစ်ခုနှင့်တစ်ခု အရေးတကြီး ဆက်စပ်နေပုံကို လေ့လာရာတွင် အရေအတွက် အခြေပြု သုတေသနနည်းလမ်းသည် အားသာချက်ရှိကြောင်း Matthias Van der Haegen က ပြသပါသည်။ ရှေးရိုးစဉ်လာ ဥပဒေပညာ သုတေသနရှိ စနစ်တကျ လေ့လာမှုများထက် စီရင်ထုံး ဥပဒေ လေ့လာရာတွင် နည်းစနစ်အများအပြားဖြင့် ပိုမိုလေ့လာ နိုင်ကြောင်း ပြသသည်။

အယူအဆဆိုင်ရာနှင့် အရေအတွက်အခြေပြု ချဉ်းကပ်မှုနည်းလမ်း နှစ်ခုစလုံးဖြင့် ဆောင်ရွက်ခြင်းဖြင့် အနက်အဓိပ္ပာယ် မည်သို့ဖွင့်ဆိုမည်၊ ခိုင်လုံသော အနက်အဓိပ္ပာယ်ဖြင့်ညွှန်းဆိုသည့် လူအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို တွေ့မြင်ရသည်။ ဥပဒေစနစ်အတွင်းရှိ တရားရေးစနစ်နှင့်အဓိက သက်ဆိုင်သူများက အနက်အဓိပ္ပာယ်အပေါ် လက်ခံနိုင်မှုက ဥပဒေသည် တကယ်လက်တွေ့တွင် အလုပ်ဖြစ်သည်ကို ဖော်ပြခြင်း မဟုတ်ပေ။ ဥပဒေအတွက် အရည်အသွေး အခြေပြု မျက်မြင်လက်တွေ့ ချဉ်းကပ်နည်းကို ပြစ်မှုဆိုင်ရာ အမှုတွဲများတွင် ထိခိုက်နစ်နာသူ၏ အခြေအနေကို အသေးစိတ် နားလည်ရန် အသေးစိတ် အသုံးပြုသည်။ ထို့အပြင် လူမှုအဖွဲ့အစည်းအတွင်း ပါဝင်ပတ်သက်သူများအတွက် စီမံထားရှိသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှုကို နားလည်စေရန်အတွက် ဆွေးနွေးမှုတွင် အသုံးပြုသည်။

---

[၂၁] M. Van der Haegen, ‘Building a Legal Citation Network: The Influence of the Court of Cassation on the Lower Judiciary’, (2017) 13 *Utrecht Law Review*, no. 3, <http://doi.org/10.18352/ulr.406>, pp. 65-76.

## ၆။ အရည်အသွေးအခြေပြု လက်တွေ့မျက်မြင် ချဉ်းကပ်မှုများ (Qualitative empirical approaches)

ဥပဒေပညာ သုတေသနနည်းစနစ်များနှင့် အခြားပညာရပ်ဆိုင်ရာ အထူးသဖြင့် လူမှုရေးသိပ္ပံ ပညာဆိုင်ရာ နည်းစနစ်များအကြား ဆက်နွှယ်မှုအကြောင်းကို Renée Kool ၊ Jessy Emaus နှင့် Daan van Uhm တို့က ဆွေးနွေးငြင်းခုံကာ နှိုက်နှိုက်ချွတ်ချွတ်ရှာဖွေကြသည်[၃၂]။ ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းအမျိုးအပြားကို စဉ်းစားကြသည်။ ဥပမာအားဖြင့် အခြားပညာရပ်များရှိ သုတေသနရလဒ်များကို ရှေ့နေပညာရှင်များက အသုံးပြုနိုင်သည်။ ထို့အပြင် အခြားပညာရပ် နယ်ပယ်များရှိ လူများနှင့်လည်း ပူးပေါင်းဆောင်ရွက်နိုင်သည်။ ဥပဒေပညာတွင် ကိုယ်ပိုင်ပြဋ္ဌာန်းသည့်ချဉ်းကပ်မှု (instrumental approach)[၃၃] များ ပိုမိုအသုံးပြုလာသဖြင့် ဥပဒေသုတေသနတွင် အသုံးပြုသည့် နည်းစနစ်များကို ပြန်လည်စဉ်းစားရန် အရေးတကြီး လိုအပ်ကြသည်။ လက်တွေ့ကျသော ရလဒ်များကို လက်တွေ့ကျသော အကြံဉာဏ်အဖြစ် မည်သို့ပြောင်းလဲမည်အပေါ် မေးခွန်းတစ်ခု ဖြစ်ပေါ်လာသည်။ ၎င်းတို့ ပြစ်မှုဆိုင်ရာ အမှုတွဲများတွင် နစ်နာသူ၏ အခြေအနေကို သုတေသနပြုရာတွင် အချက်အလက်၊ နည်းစနစ်နှင့် သုတေသနသမားပေါင်းစပ်သည့် သုံးနားညီစနစ် (Triangulation) ကို အသုံးပြုခဲ့ကြသည်။ အဆိုပါ သုံးနားညီစနစ်ကို အသုံးပြုခြင်းဖြင့် သုတေသနရလဒ်၏ ကျိုးကြောင်းဆီလျော်မှုကို မြင့်တင်နိုင်ကြောင်း ရှင်းပြသည်။ နယ်ပယ်ပေါင်းစုံမှ သုတေသနပညာရှင်များသည် အချင်းချင်း အပြန်အလှန်သင်ယူကြရန်လည်း လိုအပ် သည်။

စာအုပ်ထဲရှိ ဥပဒေနှင့် ကျင့်သုံးလိုက်နာသည့် ဥပဒေဟူသော အယူအဆရေးရာ ဥပဒေသုတေသန (အတွင်းအမြင်သဘောထား) နှင့် လက်တွေ့မျက်မြင် ဥပဒေသုတေသန (ပြင်ပ အမြင်သဘောထား) နည်းစနစ်များ၏ အသုံးဝင်မှုကို Aikaterini Argyrou က ဆွေးနွေးထားသည်[၃၄]။ အရည်အသွေးအခြေပြု လက်တွေ့သုတေသနသည် ဥပဒေကို လက်တွေ့မည်သို့ အသုံးချနိုင် သည်ကို သတင်းအချက်အလက်ပေးနိုင်သည်။ အဆိုပါသုတေသနသည် ဥပဒေကို အကဲဖြတ် သုံးသပ်သည့် သုတေသနဆောင်ရွက်နိုင်ရန် ဖြစ်နိုင်ချေကို လမ်းဖွင့်ပေးသည်။ အရည်အသွေးအခြေပြုသုတေသနကို အနက်အဓိပ္ပာယ်ဖော်ဆောင်မှုဝါဒ (interpretivist)[၃၅] နှင့် ကိုယ်တိုင် လေ့လာသင်ယူမှုဝါဒ (Constructivist)[၃၆] အဖြစ် တံဆိပ်ကပ်ပြီး အရေအတွက်အခြေပြု သုတေ သနကို လက်တွေ့မျက်မြင်ဝါဒ

---

[၃၂] R. Kool et al., 'The Victim's Right to Intervene as an Injured Party in Criminal Proceedings: A Multidimensional and Interdisciplinary Assessment of Current Dutch Legal Practice', (2017) 13 *Utrecht Law Review*, no. 3, <http://doi.org/10.18352/ulr.408>, pp. 77-94.

[၃၃] ကိုယ်ပိုင်ပြဋ္ဌာန်းသည့်ချဉ်းကပ်မှု (instrumental approach) သည် အဖွဲ့အစည်းပိုင်ရှင်များကိုယ်တိုင် ချမှတ်ထားသည့် အဖွဲ့အစည်းတစ်ခု၏ ရည်မှန်းချက်များ ရရှိစေရန် လူသားများက ဆုံးဖြတ်ချက်ချမှတ် ဆောင်ရွက်ခြင်း ဖြစ်သည်။

[၃၄] A. Argyrou, 'Making the Case for Case Studies in Empirical Legal Research', (2017) 13 *Utrecht Law Review*, no. 3, <http://doi.org/10.18352/ulr.409>, pp. 95-113.

[၃၅] အနက်အဓိပ္ပာယ်ဖော်ဆောင်မှုဝါဒ (interpretivist) တွင် သုတေသနပညာရှင်သည် လေ့လာမှု၏ အစိတ်အပိုင်းများကို အနက်အဓိပ္ပာယ်ပြန်ဆိုခြင်း ပါဝင်သည့်အတွက် အဆိုပါဝါဒသည် လူသားများ၏ စိတ်ပါဝင်စားမှုကို လေ့လာမှုအတွင်း ပေါင်းစပ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဘာသာစကား၊ သိစိတ်၊ အဓိပ္ပာယ်များကို မျှဝေခြင်းတို့ကဲ့သို့ အရှိတရားဖြစ်ပေါ်မှုသည် လူမှုရေးရာ တည်ဆောက်မှုများမှသာ ရရှိနိုင်သည်ဟု အနက်အဓိပ္ပာယ်ဖော်ဆောင်မှုဝါဒီတို့က ယူဆကြသည်။

[36] ကိုယ်တိုင်လေ့လာသင်ယူမှုဝါဒ (Constructivist) ဆိုသည်မှာ လူသား၏ မှတ်ဉာဏ်နှင့် လက်တွေ့ဘဝတွေ့ကြုံရသည့် အတွေ့အကြုံများ အပြန်အလှန် တုံ့ပြန်အကျိုးပြုခြင်းဖြင့် အရှိတရားကို သိရှိနားလည်ခြင်းဖြစ်သည်။ ပညာရေးသီအိုရီ တစ်ခုဖြစ်ပြီး ကျောင်းသားများသည် ၎င်းတို့ သိရှိပြီးအရာများတွင် ထည့်သွင်းပေါင်းစပ်ခြင်းဖြင့် ဗဟုသုတနှင့် နားလည်မှု အသစ်များကို တည်ဆောက်ကြခြင်း ဖြစ်သည်။

(positivist)[၃၇] အဖြစ် သတ်မှတ်သည်။ ထို့အပြင် ဖြစ်ရပ်လေ့လာမှု သုတေသန (case studies) သည် အရည်အသွေး အခြေပြု သုတေသနဖြစ်ပြီး ဥပဒေသုတေသနနှင့် ဆီလျော်ကြောင်း ဆက်လက်ရှင်းပြသည်။ ဖြစ်ရပ်လေ့လာမှုသည် သူမအတွက် အချို့သော ဖြစ်စဥ်များကို ဖော်ထုတ် လေ့လာရှင်းပြရာတွင် အဆင်ပြေသည်။ တသမတ်တည်းရှိစေမည့် ဖွဲ့စည်းမှု သို့မဟုတ် ရှင်းလင်းချက်များကို ရှာဖွေရာတွင် အချက်အလက်ပုံစံမျိုးစုံနှင့် ရှုထောင့်ပေါင်းစုံကို ပေါင်းစပ်သည့် သုံးနားညီချဉ်းကပ်မှုသည် အသင့်လျော်ဆုံး ဖြစ်ပေလိမ့်မည်။ Argyrou အဆိုအရ ဆိုရလျှင် ဖြစ်ရပ်လေ့လာမှု သုတေသန၏ ဆိုးကျိုးများမှာ သုတေသနသမား၏ ဘက်လိုက်နိုင်ခြင်း၊ သုတေသန ရလဒ်များကို အကန့်အသတ်ဖြင့် ကျိုးကြောင်းဆီလျော်စွာ အသုံးချရခြင်း၊ ချဉ်းကပ်မှုအသစ် သို့မဟုတ် လူမှုရေးရာနယ်ပယ်အသစ်ကို လေ့လာရာတွင် အချိန်ယူရခြင်းစသည့် စွန့်စားမှု ပြုလုပ်ရခြင်း ဖြစ်သည်။ သို့သော် ကိုယ်တိုင်နှင့် အခြားသူများအတွက် ကျိုးကြောင်း ဆီလျော်မှု ရှိစေရန် အချက်အလက် အရင်းအမြစ်၊ နည်းစနစ်နှင့် အယူအဆများကို အပြန်အလှန် စိစစ်ခြင်းဟူသည့် သုံးနားညီစနစ်ဖြင့် ပိုမိုအားကောင်းအောင် ဆောင်ရွက်နိုင်လိမ့်မည်။ ထို့ကြောင့် သူမသည် ဥပဒေပညာ လေ့လာမှုတွင် အရည်အသွေးအခြေပြု သုတေသနနည်းလမ်းများအတွက် ဖြစ်ရပ်လေ့လာမှုတစ်ခု ပြုလုပ်ခဲ့ပြီး သုတေသန ပညာရှင်သည် နည်းစနစ်ပိုင်းဆိုင်ရာ အားကောင်းခိုင်မာမှုကို တသမတ်တည်း အသုံးချခဲ့ကြောင်း ပြသနိုင်ခဲ့သည်။

အထက်ပါ ဖြစ်စဥ်နှစ်ခုသည် ဥပဒေသုတေသနအတွက် ကျိုးကြောင်းဆီလျော်မှုကို ပိုမိုအားကောင်း စေရေးအတွက် အရည်အသွေးအခြေပြုသုတေသနနည်းစနစ်သည် သုံးနားညီစနစ်ဖြင့် ပေါင်းစပ်ခြင်းဖြင့် ခိုင်မာအားကောင်း စေကြောင်း ဖြစ်ရပ်ကောင်းတစ်ခုကို ပြသခဲ့ခြင်းပင် ဖြစ်သည်။ အဆိုပါ အားထုတ်မှုများသည် လက်တွေ့စံနမူနာ ကောင်းပင် ဖြစ်သည်။ အဆိုပါအားထုတ်မှုများသည် ၎င်းတို့လေ့လာမှု၏ ဥပဒေဆိုင်ရာ နောက်ဆက်တွဲအကျိုးတရား များကို တို့ထိထားမှုမရှိခြင်းကြောင့် ဤအထူးထုတ်တွင် နောက်ဆုံးချဉ်းကပ်မှုနှစ်ခုအနေဖြင့် မပြောဆိုနိုင်ပေ။ လူမှုစိတ်ပညာရှင် များထံမှ နည်းစနစ်များကို ဥပဒေသုတေသနသမားများက အများအပြား လေ့လာနိုင်သော်လည်း အဆိုပါ လူမှုစိတ်ပညာရှင်များသည် ၎င်းတို့၏ ဗဟုသုတကို ဥပဒေနယ်ပယ်အတွင်း လှမ်းဝင်ရန် တွန့်ဆုတ်နေ ကြသည်။ သို့ပေမယ့်လည်း အောက်တွင်ဖော်ပြထားသည့်အတိုင်း Tom Tyler က လှမ်းဝင်နိုင်သည့် လမ်းကြောင်းကို ရှင်းလင်းစွာ ဖော်ပြထားသည်။

## ၇။ အရေအတွက်အခြေပြု လက်တွေ့မျက်မြင် ချဉ်းကပ်မှုများ (Quantitative empirical approaches)

အခြေအနေတစ်ခုကို ပြည့်စုံစေမည့် လိုအပ်ချက်တစ်ခု ရှိခြင်း မရှိခြင်းသည် အမှုသည်များ၏ တရားသူကြီးများအပေါ် ယုံကြည်မှုနှင့် အဆိုပါတရားသူကြီးများက ၎င်းတို့အပေါ် ဆက်ဆံသည့် အသိအမြင်အပေါ် မည်သို့အကျိုးသက်ရောက်စေမည်ကို လေ့လာရန် အတွက် Liesbeth Hulst၊ Kees van den Bos၊ Arno Akkermans နှင့် Allan Lind တို့က လက်တွေ့စမ်းသပ်မှုတစ်ခု ပြုလုပ်ခဲ့ကြသည်[၃၈]။ အဆိုပါလေ့လာမှုတွင် ၎င်းတို့က အနည်းဆုံး ထိန်းချုပ်ခဲ့သည်။ အဆိုပါအခြေအနေများတွင် အပြုအမူကို ကန့်သတ်ချုပ်ချယ်ခြင်းနှင့် ၎င်းကန့်သတ်ချုပ်ချယ်မှုကို ကျွမ်းကျင်စွာကိုင်တွယ်နိုင်ရန် လက်တွေ့စမ်းသပ်မှုသည် ယုတ္တိတန်ဖို့ လိုအပ်သည်။ ဒေဝါလီခံရမှု ကြားနာခြင်းနှင့် ပြစ်မှုဆိုင်ရာတရားရုံးကြားနာမှု အကြောင်းအရာနှင့် ဆက်စပ်၍ စမ်းသပ်မှု နှစ်ခုကို ဆောင်ရွက်ခဲ့သည်။ "အပြုအမူ ထိန်းချုပ်နိုင်စိတ်" ရှိခြင်းနှင့် မရှိခြင်းအပေါ်မူတည်၍ လုပ်ထုံးလုပ်နည်းတရားမျှတမှုနှင့် တရားသူကြီးများကို

---

[37] လက်တွေ့ မျက်မြင်ဝါဒ (Positivist) သည် သိပ္ပံပညာသည် အမှန်တရားကို သင်ယူရန် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်ဟု ခံယူထားသည်။ အချက်အလက်ဆိုင်ရာဗဟုသုတသည် တိုင်းထွာခြင်းကဲ့သို့ သင်ယူလေ့လာမှတ်သားခြင်းမှသာ ရရှိသည်ဟု ယူဆသည်။

[38] L. Hulst et al., 'On Why Procedural Justice Matters in Court Hearings: Experimental Evidence that Behavioral Disinhibition Weakens the Association between Procedural Justice and Evaluations of Judges', (2017) 13 *Utrecht Law Review*, no. 3, <http://doi.org/10.18352/ulr.413>, pp. 114-129.

ယုံကြည်မှုအကြား ဆက်နွယ်မှုသာမက လုပ်ထုံးလုပ်နည်းတရားမျှတမှုနှင့် တရားသူကြီးများကို လက်ခံနိုင်မှုတို့အကြား ဆက်နွယ်မှုကိုပါ များစွာ ကွဲပြားခြားနားစေပါသည်။ တရားခွင်ကြားနာမှု ကဲ့သို့သော လူအများအပြားရှိသည့် အခြေအနေတွင် အပြုအမူကို ထိန်းချုပ်နိုင်သည့် သာမန်လူများနှင့် နှိုင်းယှဉ်ပါက အပြုအမူ ထိန်းချုပ်မှုအားနည်းသူများအကြား လုပ်ထုံးလုပ်နည်း တရားမျှတမှုသည် တရားသူကြီးများကို ယုံကြည်မှုနှင့် လက်ခံနိုင်မှုတို့အပေါ် မည်သည့်အကျိုးသက်ရောက်မှုမျှ မရှိကြောင်း စမ်းသပ်မှုနှစ်ခုက ဖော်ပြသည်။ စိတ်ပညာဆိုင်ရာ စမ်းသပ်ခန်းတွင် ဆောင်ရွက်ခဲ့သည့် စမ်းသပ်မှုတွေ့ရှိချက်၏ ခိုင်မာမှုအကြောင်း မကြာသေးမီက ဆွေးနွေးချက်များနှင့် ယခု လက်တွေ့စမ်းသပ်မှုနည်းစနစ်ဖြင့် စာရေးသူများက ဆက်စပ်ပြသည်။ (စာအုပ်ထဲရှိ ဥပဒေ) သို့မဟုတ် ဥပဒေကို စံနမူနာပြု ချဉ်းကပ်မှု (Normative Approach)[၃၉] များဖြင့် သုတေသနဆောင်ရွက်မှုကို ချိတ်ဆက်ရန် စာရေးသူများက ရှာဖွေမည်မဟုတ်ပါ။ တရားသူကြီးများကို လက်ခံယုံကြည်မှုသည် အမှုသည်များ၏ သဘောထားအမြင်များနှင့် မည်သို့ဆက်နွယ်ပုံကို နားလည်ရန်ကြိုးစားရာတွင် ယခုလေ့လာမှုသည် အသင့်လျော်ဆုံးဖြစ်သည်။ သို့ရာတွင် စိတ်ပညာသုတေသနသည် ဥပဒေပညာတွင် စံနမူနာပြုနည်းလမ်းအဖြစ် ပါဝင်မှုရှိ မရှိကို ဆွေးနွေးခြင်း မရှိပေ။ ဒီကိစ္စရပ်အပေါ် လေ့လာစူးစမ်းရန်အတွက် သုတေသနနှင့် အယူအဆဆိုင်ရာ တွေးခေါ်မှုများ ထပ်မံလိုအပ်ပါမည်။

အခြားကိစ္စများအနက် လက်တွေ့ရလဒ်များနှင့် စံနမူနာပြုဥပဒေအကြား ဆက်နွယ်မှုကို Tom Tyler က အာရုံစူးစိုက်သည်[၄၀]။ ထိုသို့လေ့လာရာတွင် သက်သေသာဓက ပြည့်စုံသည့် ဥပဒေကို ပိုမို လိုလားသည်။ ပိုမိုကောင်းမွန်သည့် အချက်အလက်နှင့် ပြည့်စုံသော ဥပဒေတို့သည် တရားမျှတမှုကို ပိုမိုဆောင်ကြဉ်းပေးသည်။ အာမခံကိန်းဂဏန်းဆိုင်ရာ ဘေးအန္တရာယ်တွက်ချက်မှုများကဲ့သို့ လက်တွေ့နည်းစနစ်သည် ဗီဇသိစိတ်ထက်ပို၍ လူ့အပြုအမူကို ပိုမိုခန့်မှန်းနိုင်ပြီး ဥပဒေပညာကို အချက်အလက် အထောက်အပံ့ပေးနိုင်သည်။ သို့သော် အဆိုပါတွက်ချက်မှုများသည် သီအိုရီအခြေခံ မဟုတ်သည့်အတွက် ရှင်းလင်းတင်ပြမှုအားသာချက် မရှိပေ။ ဥပဒေစည်းမျဉ်း အခြေပြုမှုနှင့် တရားစီရင်ရေးစနစ်ရှိ လူသားအပြုအမူအပေါ် ၎င်းတို့၏ လွှမ်းမိုးမှုကို လူသားအခြေပြုမှုနှင့် လူ့အပြုအမူအပေါ် ၎င်း၏ လွှမ်းမိုးချယ်လှယ်မှုဖြင့် Tyler က နှိုင်းယှဉ်ပြသည်။ ထို့နောက် အဖွဲ့အစည်းများအတွင်း လူ့အပြုအမူကို မည်သည့်အချက်များက လွှမ်းမိုးသည်ကို သုတေသန အချက်အလက်ဖြင့် ရှင်းပြရာတွင် လူမှုရေးရာ ဘုံစံနှုန်းနှင့် တန်ဖိုးများကို ပိုမိုလိုက်နာကြသည်ကို တွေ့ရှိရသည်။ Weberian သီအိုရီ[၄၁] နှင့် နှိုင်းယှဉ်ရာတွင် ဥပဒေကို မလိုက်နာသောအခါ လိုက်နာကျင့်သုံးမှုသည် အကျိုးအမြတ်နှင့် ဆုံးရှုံးမှုအပေါ်တွင် အခြေပြုရန် မလိုအပ်ကြောင်း ကောင်ချက်ချက်ပါသည်။ မျှဝေလက်ခံသည့် တန်ဖိုးနှင့် သဘောတူညီချက်တို့အပေါ် အခြေခံ၍ လိုက်နာကျင့်သုံးမှု ရှိကောင်းရှိနိုင်သည်။ ထို့ကြောင့် "မုန်လာဥနီနှင့် တုတ်ချောင်းများ" ကဲ့သို့ ရှင်းလင်းချက်သည် တန်ဖိုးအပေါ် အခြေခံပြီး စာချုပ်စာတမ်းများအပေါ် အခြေမခံပါ။ တနည်းဆိုရသော် ပြစ်ဒဏ်ဖြင့် ခြိမ်းခြောက်မှုများသည် မကောင်းမှု သို့မဟုတ် ဥပဒေအရတားမြစ်ထားသော လုပ်ရပ်များကို ပြုလုပ်ခြင်းမှ ဟန့်တားသော်လည်း ဥပဒေပါ တန်ဖိုးများကို သဘောတူလက်ခံပြီး အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဘုံပန်းတိုင်တူညီခြင်းတို့သည် ပြည်သူများက ဥပဒေကို ဘာကြောင့်လိုက်နာကြောင်း ပိုမိုရှင်းလင်း ပြသနိုင်သည့် အချက်များဖြစ်သည်။ ဘုံတန်ဖိုးများနှင့် အာဏာပိုင်များအပေါ် ယုံကြည်လက်ခံမှုတို့သည် ဥပဒေကို လေးစား လိုက်နာခြင်းနှင့် ကောင်းစွာဆက်စပ်နေပါသည်။

---

[39]π စံနမူနာပြု ချဉ်းကပ်မှု (Normative Approach) ဆိုသည်မှာ အဖွဲ့အစည်းတည်ဆောက်ရာတွင် တန်ဖိုးအခြေပြု ချဉ်းကပ်မှုဖြစ်သည်။ လူတိုင်းသည် ရည်ရွယ်ချက်ရှိသည်၊ အောင်မြင်မှုရရှိလိုသည်၊ အသိအမှတ်ပြုခံချင်သည် စသည့် ယူဆချက်အပေါ် အခြေခံသည်။

[40] T.R. Tyler, ‘Methodology in Legal Research’, (2017) 13 *Utrecht Law Review*, no. 3, <http://doi.org/10.18352/ulr.410>, pp. 130-141.

[၄၁] Weberian သီအိုရီဆိုသည်မှာ ဂျာမန် လူမှုဗေဒပညာရှင် Max Weber က ပြုစုခဲ့သည့် အလွှာခွဲခြားခြင်း သီအိုရီဖြစ်သည်။ အဆင့်အတန်း၊ ဂုဏ်ဒြပ်နှင့် အာဏာတို့သည် အဖွဲ့အစည်းအတွင်းရှိ အာဏာခွဲဝေရာတွင် တစ်ခုနှင့်တစ်ခု အမှီသဟဲပြု ပြဌာန်းသည်ဟု ဖွင့်ဆိုသည်။

အရေးအတွက်အခြေပြု သုတေသနသည် ဥပဒေဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သူများကို သတင်းအချက်အလက်ပေးသည့် နည်းလမ်း ဖြစ်သကဲ့သို့ အဆိုပါသုတေသန၏ ကိုယ်တိုင်သာမက အခြားသူများအတွက် ကျိုးကြောင်းစီလျော်မှုဆိုင်ရာ ကိစ္စရပ်များသည် နောင်ကာလပြုလုပ်မည့် ဆွေးနွေးငြင်းခုံမှုများအတွက် သင့်လျော်ပါသည်။ အဆိုပါဆွေးနွေးမှုတွင် နည်းစနစ်သာမက အာဏာပိုင်များက လက်ရှိကောက်ယူလျက် ရှိသည့် အချက်အလက်အများစုသည် ပြည်သူများကို ဟန့်တားရန်အတွက်သာ ရည်ရွယ်သည်ဟူသော အခြေအနေကိုပါ ဆွေးနွေးကြမည် ဖြစ်သည်။ မည်သည့်ဥပဒေစည်းမျဉ်းများနှင့် အာဏာပိုင်များ၏ ဥပဒေအရ အရေးယူဆောင်ရွက်ချက်များသည် အလုပ်ဖြစ်သည်ကို ဆန်းစစ်ခြင်း၊ ထိုသို့အလုပ်ဖြစ်ကြောင်း ရှင်းပြခြင်းတို့အတွက် အသင့်လျော်ဆုံး သုတေသနသည် လက်တွေ့မျက်မြင်သမားတစ်ယောက်အတွက် အရေးအတွက် အခြေပြု ချဉ်းကပ်မှုနှင့် လက်တွေ့မျက်မြင်ဝါဒတို့ ဖြစ်ကြောင်း Tyler က အဆိုပြုပါသည်။ ဥပဒေကို ကိုယ်ပိုင်ပြဋ္ဌာန်းသည့် ချဉ်းကပ်မှု (instrumental approach) နှင့်အတူ တန်ဖိုးအခြေပြု ချဉ်းကပ်မှု (valued-based approach) ဖြင့် ဆောင်ရွက်ပါက ပိုမိုကောင်းမွန်ကြောင်း ၎င်းက ပြသပါသည်။

## ၈။ နိဂုံး

နိဂုံးချုပ်အနေဖြင့် ဥပဒေသုတေသနတွင် ဆွေးနွေးငြင်းခုံဆဲ နည်းစနစ်ဆိုင်ရာ ဆွေးနွေးပွဲများသို့ နည်းစနစ် ၁၀ ခု တင်ပြခဲ့ပါသည်။ Utrecht တက္ကသိုလ် ဥပဒေကျောင်း၏ Montaigne စင်တာသည် အဆိုပါ ဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး ဆွေးနွေးပွဲရလဒ်များကို ကျောင်းက မပိုင်ဆိုင်ပေ။ ဥပဒေသုတေသန ဆောင်ရွက်နေသည့် မည်သူမဆို ယခုအထူးထုတ်စာစဉ်ကို အကျိုးရှိရှိ လက်လှမ်းမီ အသုံးချပြီးနောက် ၎င်းတို့၏ သုတေသနမေးခွန်းများကို ဖြေဆိုနိုင်မည့် မှန်ကန်သော နည်းစနစ်ကို ဆွေးနွေးနိုင်သည်။ ထို့အပြင် ၎င်းတို့၏ အတွေ့အကြုံများကိုလည်း ဆက်လက်ဝေမျှနိုင်သည်။